

mgyoe.com
SAMPLE BOOK
ရားလူ
ဇော်ဇော်အောင်
စိုးအောင်၊ မြတ်သစ်
ဒုတိယအကြိမ်
mgyoe.com

mgyoe.com SAMPLE BOOK



# ရှားလှ

# ဇော်ဇော်အောင်

စိုးအောင်၊ မြတ်သစ်

ISBN9789997136527
ZZA29
9 789997 136527
MMK 9,500.00

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com

SAMPLE BOOK

စိတ်ကူးချိုချိုစာအုပ်

# ရှားလူ

ဇော်ဇော်အောင်

ဒုတိယအကြိမ်၊ ၂၀၂၅

mgyoe.com

mgyoe.com SAMPLE.BOOK


ရှားလူ၊ ဇော်ဇော်အောင်
မျက်နှာဖုံးပန်းချီ - ကိုကိုနိုင်
စာမျက်နှာ ၂၈၃ + မျက်နှာ၊ ၁၄·၅ စင်တီ× ၂၀·၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၅၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၈၂၊ ပင်မရေစီးစာအုပ်တိုက်၏ ပထမအကြိမ်မှု

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

စပါးတစ်ပင်
ယူလျှင် မကျေ
တို့မြေတစ်လက်မ
ကျူးက မခံ
ရန်တို့ပြန်အံ့

-မောင်မင်းယာ

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

သပြေညိုရောင် စားပွဲသည် အရိပ်ထင်လုနီးပါး ပြောင်လက်နေ၏။ ညာဘက်အစွန်း လက်တစ်လှမ်းအမီတွင် တယ်လီဖုန်းအနီရောင်တစ်လုံးနှင့် ဆင်စွယ်ရောင်တစ်လုံးရှိ၏။

တယ်လီဖုန်းနှစ်လုံးမှအပ အခြားဘာမှ စားပွဲပေါ်မှာမရှိ။ အလုပ်လုပ်စရာမရှိလျှင် စားပွဲကို ဤကဲ့သို့ အမြဲရှင်းနေအောင် ထားတတ်သည်။ အလုပ်မလုပ်သောအချိန်တွင် စိုးအောင်၏ဦးခေါင်းသည် သူ့အလုပ်စားပွဲကဲ့သို့ အမြဲရှင်းနေ၏။

လွန်ခဲ့သော ၁ နာရီခန့်ကပင်၊ အစီရင်ခံစာရှည်ကြီးတစ်စောင် ရေးသားပြီးခဲ့သည်။ ရေးသားပြီးသည်နှင့် သတ်မှတ်သော လမ်းကြောင်းအတိုင်း သူ့ဆရာထံသို့ တင်ပို့လိုက်သည်။ ထိုအစီရင်ခံစာကို ရေးဖို့ သူ တစ်လခွဲခန့် လေ့လာခဲ့ရသည်။ စာအုပ်စာတမ်း မှတ်တမ်းဖိုင်တွဲတွေနှင့် နပန်းလုံးခဲ့ရသည်။ စိုးအောင်သည် လှုပ်ရှားပြေးလွှား ရန်းကန်ဆောင်ရွက်ရသော ရှေ့တန်းတာဝန်ကိုသာ ပျော်ပိုက်လေ့ရှိ၏။ ဤသို့ မှတ်တမ်းတွေ၊ ဖိုင်တွဲတွေ၊ အညွှန်းကတ်ပြားတွေ၊ ကွန်ပျူတာတွေနှင့် စားပွဲမှ ထိုင်ရာမထ လုပ်ရသောအလုပ်ကို သူ သဘောမတွေ့လှ။ ဤအစီရင်ခံစာ ပြီးသွားသည့်အတွက် အတော်စိတ်လက်ပေါ့ပါးနေ၏။

ညနေပိုင်း ဘယ်သွားရမလဲ၊ အစီအစဉ်ကို စဉ်းစားထားသည်။ အရေအတွက် နည်းပါးသော သူ့မိတ်ဆွေ အသိုင်းအဝိုင်းထဲမှ ဘယ်သူ့ဆီ သွားရမည်လဲ။ ဘယ်သူတွေ ဘယ်မှာရှိမလဲ၊ စဉ်းစားနေ၏။ မြတ်သစ်ဆိုတဲ့ကောင်လည်း တာဝန်တစ်ခုနဲ့ တစ်နေ့ရာသွားနေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


ထိုစဉ် တယ်လီဖုန်းအနီးမှ ဆည်းလည်းသံခေါင်းလောင်း မြည်လာ၏။

ခလုတ်အနက်ကို နှိပ်၍ စကားပြောခွက်ကို မ,ယူလိုက်၏။

ခုနစ်လက်မ မှန်ကွက်မှာ ရောင်စဉ်တန်းများ အတန်းလိုက် လှုပ်ရှား၍ ရုပ်ပုံပေါ်လာသည်။

သူ့ဆရာ...။

'မောင်ခြိမ့်'

ကိစ္စကြီးကြီးမားမားတစ်ခု ပေါ်ပေါက်လာတိုင်း၊ ထိုကိစ္စကို သူ့ဆရာကိုယ်တိုင် တစ်နည်းနည်းနှင့် (တယ်လီဖုန်းနှင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ) ဆက်သွယ်၍ သူ့ကို တာဝန်ပေးလေ့ရှိ၏။ ထိုသို့ တာဝန်ပေးသောအခါတိုင်း သည်နာမည်ကို ခေါ်လေ့ရှိ၏။ မောင်ခြိမ့်ဟူသောနာမည် သုံးလိုက်သည်နှင့် အရေးကြီးသောကိစ္စမှန်း သိပြီးဖြစ်သည်။

တယ်လီဖုန်း မှန်ကွက်ထဲမှာ ပေါ်လာသော မျက်နှာပင် ဖြစ်စေကာမူ တောက်ပစူးရှသော သူ့ဆရာ၏ မျက်လုံးများကို သတိပြုမိသည်။

ပေးအပ်မည့်တာဝန်ကို တိုတိုရှင်းရှင်း လိုရင်းပြောပြနေ၏။ စကားအပိုမပါ။ အတိကျဆုံး စကားလုံးတွေကိုသာ သုံးစွဲလေ့ရှိသော သူ့ဆရာ၏ အလေ့အထကို သိပြီးဖြစ်၏။ နှစ်ခါထပ်မေးစရာမလို...။

"လိုအပ်တဲ့ ကိစ္စမှန်သမျှ သက်ဆိုင်ရာ ဌာနခွဲတွေနဲ့ ဆက်တောင်း။ ညွှန်ကြားချက်အပြည့်အစုံ ငါ့အတွင်းရေးမှူးဆီမှာ ၁၀ မိနစ်အတွင်း သွားယူ။ လုပ်ပိုင်ခွင့် အပြည့်ပေးတယ်... ဒါပဲ"

ဖုန်းခွက်ကို ပြန်တင်လိုက်၏။ မှန်သားမျက်နှာပြင်မှာ အရောင်တန်းများ လှုပ်ရှား၍ ရုပ်ပုံပျောက်သွား၏။

နိုင်ငံတော်အတွက် တစ်ချီတစ်မောင်း လှုပ်ရှားရပေဦးတော့မည်။ စိုးအောင်၏ ဦးနှောက်သည် ရုတ်ခြည်း ကြည်လင်သွား၏။ သူ့နားထဲမှာ စစ်ခရာသံများ၊ စစ်ချီသီချင်းသံများ မြည်ဟည်းလာ၏။

စိုးအောင် နိုင်ငံတော်အတွက် သက်စွန့် ခရီးထွက်ရပေဦးတော့မည်။

*

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၁)

အကယ်၍ ကမ္ဘာပေါ်မှာ အစုတ်ချာဆုံး လက်ဖက်ရည်ဆိုင် ပြိုင်ပွဲဟူ၍ ရှိခဲ့ပါလျှင် ဤဆိုင် ပထမ ရလိမ့်မည်။

စုတ်ချာလွန်းသော လက်ဖက်ရည်ဆိုင်ကလေး တစ်ဆိုင်ဖြစ်သည်။ လက်ဖက်ရည်ဆိုင်မှန်လျှင် ဆိုင်နာမည်ဆိုင်းဘုတ်ကလေး တစ်ခုတော့ ရှိစမြဲ၊ ရှိသင့်၏။ ဤဆိုင်မှာ ဆိုင်းဘုတ်ပင်မရှိ။

ဆိုင်အမိုးမှာ သက်ငယ်၊ အကာမှာ သက်ငယ်။ အချို့ ပေါက်ပြဲနေသော နေရာများတွင် ပလတ်စတစ်စ၊ သွပ်ပြားဟောင်း၊ မြေသြဇာအိတ်ခွံ ရရာတို့ဖြင့် ဖာထေးထား၏။ တိုင်များမှာ လက်ကောက်ဝတ်လောက်ပင် မရှိသည့် ဝါးလုံးတိုင်များဖြစ်သည်။ နေရာအနှံ့ ကျပ်ခိုးမှုန်များနှင့် ပင့်ကူမျှင်များ ရှုပ်ပွနေ၏။

အောက်ခံမြေသားများမှာ ရေစိုစွတ်၍ ချောကျိုစိုထိုင်းနေ၏။ မြေကြွက်တွင်းကြီးများမှာ မြေစာများဖို့၍ မြေခင်းမညီ၊ နိမ့်မြင့် ဖြစ်နေသည်။

ဆိုင်ထဲမှာ စားပွဲငါးလုံးရှိ၏။ ညာဘက်နံရံနှင့် ကပ်လျက်နှစ်လုံး၊ ဘယ်ဘက်နံရံနှင့် ကပ်လျက်နှစ်လုံး၊ အလယ်မှာ တစ်လုံး၊ ကုလားထိုင်များ အစုံအစေ့မရှိ။ ရှိသောခေါက်ကုလားထိုင်များမှာ အချို့ သံကြိုးနှင့် တုပ်ထားရ၏။ အချို့ သစ်သား ပိုး၍ ရိုက်ထားရ၏။ အကုန်လုံး အနဲ့၊ အကျိုးအပဲ့တွေ ဖြစ်၏။ စားပွဲများမှာလည်း ကြေးညှော်အထပ်ထပ် မည်းနက် ညစ်ပတ်နေ၏။

တစ်ဆိုင်လုံး မြင်မြင်သမျှ အရာအားလုံးတို့မှာ ညစ်ပတ်ပေရေလှသည်။

အနောက်ဘက်တွင် လူနေဟန်တူသည့် အခန်းငယ်ကလေးရှိ၏။ သက်ငယ်

mgyoe.com

ပျစ်များနှင့် မလုံမလဲ ကာထား၏။ အတွင်းမှာ ညစ်ပတ်နေသော ခြင်ထောင်တစ်လုံး မသပ်မရပ် တင်ထားသည်ကို တစ်စွန်းတစ်စ မြင်နေရ၏။

နံရံနှင့်ကပ်လျက် လက်ဖက်ရည်ဖျော်သော စားပွဲရှိ၏။ ပုံမကျပန်းမကျ ပန်းကန်လုံး သုံးလေးလုံးမှာ တန်းမှာ ချိတ်ထား၏။ စင်မှာ ပန်းကန်သုံးလေးချပ် မှောက်ထား၏။ နို့ဆီချိုင့် မတ်ခွက်တို့မှာ အရာအားလုံးနည်းတူ ညစ်ပတ်လှ၏။

အစုတ်ချာဆုံး လက်ဖက်ရည်ဆိုင်ဆုအပြင် အညစ်ပတ်ဆုံး လက်ဖက်ရည်ဆိုင် ဆုပါ ပူးတွဲရနိုင်သည်။

မီးသွေးမီးဖိုတစ်လုံးပေါ်တွင် အကျရည်အိုးသည် တပွက်ပွက်ဆူနေသည်။ ထိုလက်ဖက်ရည်ဖျော်သော စားပွဲနောက်တွင် အရပ်ရှည်ရှည်ပိန်ပိန် အဘိုးကြီး တစ်ယောက်ရှိသည်။ ညစ်နွမ်းသော စွပ်ကျယ်လက်စကကို ဝတ်ထား၏။ ပေပေရေရေ အသက် ၆၀ လောက်ရှိမည့် အဘိုးကြီးတစ်ယောက်...

ထူးခြားသည်မှာ မုတ်ဆိတ်မွေးများ ဖြစ်၏။ မုတ်ဆိတ်မွေးသည် ဖြူ၍ တစ်ထွာ နီးပါးရှည်လျားသည်။ ခေါင်းပေါင်းမှ ဆံပင်အချို့ ကျိုးတိုးကျဲတဲ ရှိသည်မှာလည်း ဖြူရော်နေလျက်ရှိပြီ။

ကိုယ်ခန္ဓာမှာ ပိန်လှ၏။ ခြေများ၊ လက်များမှာ ဝါးလုံးနှင့် တူ၏။ သို့သော်၊ ကျစ်လျစ်သန်မာသော အခေါင်းပိတ် ဝါးများဟု ထပ်လောင်းပြောရလိမ့်မည်။ ပိန်လှီ သော အဘိုးကြီး၏ ကိုယ်တွင်းမှာ အလွန်ကျစ်လျစ် သိပ်သည်းစွာ ဖိသိပ်ထားသော ခွန်အားများ ရှိနေသည် ထင်ရ၏။

အဘိုးအိုသည် ခွေးခြေခုံရှည်ပေါ်တွင် ထိုင်၍ လမ်းမဘက်သို့ ငေးနေသည်။

အတွင်းဘက်ဝင်ပေါက် ဆောင်တစ်ဖက်တွင် ငွေသိမ်းစားပွဲတစ်ခုရှိ၏။ အခြား ပရိဘောဂများနည်းတူ ကြေးအထပ်ထပ် ညစ်ပတ်မည်းနက်နေ၏။ စားပွဲပေါ်မှာ နှုတ်ခမ်းပဲ့နေသော ဖန်ပုလင်းတစ်လုံးရှိ၏။ ဖန်ပုလင်းထဲတွင် ဒူးယား စီးကရက် နှစ်ဘူး ရှိ၏။ ငွေသိမ်းစားပွဲတွင် ထိုင်နေသူမှာ ဆိုင်နှင့် မည်သို့မျှ မအပ်စပ်သော၊ ဘယ်နည်း နှင့်မျှ ဆက်စပ်စဉ်းစားလို့ မရနိုင်လောက်သော ဖြူဖြူချောချော မိန်းမတစ်ဦးဖြစ်၏။

ဖြူဖြူချောချောဆိုသည်မှာ သာမန်မျှမဟုတ်။ အသားအရေမှာ နေပူစပ်ခါး တစ်သက်လုံး မထိခဲ့သော ချမ်းသာကြွယ်ဝ စည်းစိမ်ကျခြင်းတို့ အလယ်မှာ မွေးဖွား ကြီးပြင်းလာခဲ့ရသော မိန်းမတစ်ယောက်၏ ဖြူဝင်းပုံ၊ နူးညံ့ပုံမျိုး ဖြစ်၏။ ဖွံ့ဖွံ့ထွား ထွား စွဲမက်ဖွယ်ရှိ၏။ မျက်နှာဝိုင်းဝိုင်း၊ ဆံပင်ကို ရိုးရိုးခွေလိပ် ပတ်ထား၏။ မျက်လုံး

mgyoe.com

mgyoe.com  SAMPLE BOOK 

မျက်ဖန် လှသည်။ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းမှာ ပန်းနုရောင် ဆေးဆိုးထားသည်။ ကျက်သရေရှိသော၊ လိုလားတပ်မက်ဖွယ်သော အရည်အချင်း နှစ်ရပ်ပေါင်းစပ်ထားသည့် မျက်နှာဖြစ်၏။

အသက် ၃၀ ဝန်းကျင် ရှိမည်။

အမှိုက်ပုံထဲမှာ အရည်အသွေးကောင်းသော ပုလဲတစ်လုံးကျနေသကဲ့သို့ အလွန်စုတ်ချာ ညစ်ပတ်ပေရေလှသော နေရာမှာ ဖြူဝင်းတပ်မက်ဖွယ်ကောင်းသော မိန်းမတစ်ယောက် ထိုင်နေသည်။

လက်ထဲမှာ ကရမက်သားယပ်တောင် ပါးပါးကလေးတစ်ချောင်း ဖြန့်ကိုင်ထားသည်။

မိန်းမချောသည်လည်း အဘိုးအိုကဲ့သို့ပင် လမ်းမကြီးကို ကြည့်နေ၏။ လမ်းပေါ်မှာ လူသွားလူလာ ရှင်းနေသည်။

ခပ်ဝေးဝေးမှ မော်တော်ဆိုင်ကယ်သံ ကြားရ၏။

မိန်းမချောက အဘိုးအိုကို လှမ်းကြည့်လိုက်သည်။ အဘိုးအိုက မကြည့်၊ လမ်းမကိုသာ ကြည့်နေရင်း ခေါင်းတစ်ချက် ညိတ်ပြသည်။

မော်တော်ဆိုင်ကယ်သံ နီးလာ၏။

မိန်းမချောသည် စားပွဲအံဆွဲကို အနည်းငယ် ဆွဲဖွင့်လိုက်၏။

ဆိုင်ရှေ့မှာ ဟွန်ဒါဆိုင်ကယ် အပြာတစ်စီး စက်သံညက်ညက် ထိုးရပ်၏။ လူတစ်ယောက် ဆင်းလာသည်။

(ကရပ်(ရှ)ဟဲလ်မက်) ဆိုင်ကယ်စီး ခမောက်အဝါရောင် တစ်လုံးဆောင်းထား၏။ အရပ်မြင့်မြင့်၊ မိုးကာဂျာကင်အပြာ ဝတ်ထား၏။ ဂျင်းဘောင်းဘီမှာ ဖြူရော်ရော် အကောင်းစားဖြစ်၏။

ဆိုင်ကယ်သော့ကို နံရံကပ်လျက် စားပွဲပေါ် ပစ်တင်လိုက်သည်။ အမူအရာမှာ ဆောင့်ကြွားကြွား အမူအရာဖြစ်သည်။

ငွေသိမ်းစားပွဲမှ အမျိုးသမီးကို လှမ်းကြည့်၍ ခွေးခြေတစ်ခုမှာ ဝင်ထိုင်လိုက်သည်။ သူ့မျက်လုံး အမျိုးသမီးထံမှ မခွာ။ အမျိုးသမီး ကိုယ်ကိုကိုင်းညွတ်၍ စာရွက်တစ်ရွက်ပေါ်တွင် စာရင်းတွက်နေသည်။ ငှက်ပျောညွန့်ရောင် လည်ဟိုက်အင်္ကျီသည် အမျိုးသမီး၏ ကိုယ်လုံးပေါ်တွင် မတင်းကျပ်လွန်းသော်လည်း ကိုယ်ကို ကိုင်းညွတ်ထားသောကြောင့် အချို့နေရာများတွင် လစ်ဟာလျက် ရှိနေ၏။

mgyoe.com

"အဘိုးကြီး... ဘာရှိလဲ"

မျက်လုံးက အမျိုးသမီးထံမှ မခွာ၊ လှမ်းမေး၏။

"ဘာသုံးဆောင်ချင်ပါသလဲ၊ လိုတာရပါတယ်..."

"လိုတာရတယ်... ဟုတ်လား၊ အံမာ တယ်ကြီးကျယ်ပါလား အဘိုးကြီး"

"လိုတာပြောပါ၊ ကြိုက်တဲ့ဈေးပေးရင် တန်ရာတန်ဖိုး ရမှာပေါ့"

"အဟား... ကြီးကျယ်လှချည်လား၊ ခင်ဗျား ဆိုင်က ရွှေပန်းကန်၊ ငွေပန်းကန်တွေနဲ့ သောက်ရမှာလား"

"သောက်ချင်ရင် ရပါတယ်၊ တန်ရာတန်ဖိုးပေါ့"

"အမယ်လေး လေး၊ တယ်ဟုတ်တဲ့ ဟိုတယ်ကြီးပါလား၊ ကဲဗျာ ရွှေပန်းကန်နဲ့ လက်ဖက်ရည်တစ်ခွက် ပေးပါ။ ဘယ်လောက်တန် ဖျော်ဖျော် ကြိုက်တဲ့ဈေးပေးမယ်၊ ဟား... ဟား..."

"ကောင်းပါပြီ"

အဘိုးကြီးသည် လက်ဖက်ရည်ဖျော်သော စားပွဲခုံအောက် တစ်နေရာမှ နို့စိမ်းဘူး၊ နို့ဘူးတို့ကို ထုတ်၏။ မဟ်ခွက်ထဲမှာ အကျရည်များထည့်၍ သကြား၊ နို့ဆီများထည့်၍ ဖျော်သည်။ နို့စိမ်းကို ထပ်လောင်းထည့်၏။

ထို့နောက်... အောက်ခြေနေရာမှပင် ပန်းကန်တစ်စုံကိုထုတ်၍ လက်ဖက်ရည်များ ပြောင်းထည့်၏။ ဇွန်းနှင့် မွှေ၍ မြည်းကြည့်၏။

ဂျာကင်ပြာသည် အမျိုးသမီးကို ငေးကြည့်နေဆဲ။

အဘိုးကြီး လက်ဖက်ရည်လာချသည်။

"ဆရာလေး... ရွှေအကြောင်း နည်းနည်းပါးပါးသိရင်... ဒီလက်ဖက်ရည်ပန်းကန်စုံဟာ ရွှေသားအစစ်ဆိုတာ သိပါလိမ့်မယ်၊ လက်ဖက်ရည်က လစ်(ပ်)တန်သီဟိုဠ် လက်ဖက်ခြောက်အစစ်ပါ"

"ဗျာ..."

ဂျာကင်ပြာသည် မျက်လုံးပြူးသွား၏။ အဘိုးကြီး လာချပေးသော လက်ဖက်ရည်ပန်းကန်မှာ နှစ်ခါကြည့်စရာမလို၊ ရွှေသားအစစ် လက်ဖက်ရည်ပန်းကန်ပြားနှင့် ပန်းကန်လုံးဖြစ်၏။

အနားရေးမှာ ရွှေခက်ရွှေနွယ်များ လက်ရာနုနုထုထား၏။ ရွှေသားပန်းကန်အစစ်။

mgyoe.com

mgyoe.com SAMPLE BOOK


ဤမျှ စုတ်ချာသောဆိုင်နှင့် ဘယ်လိုမှ ဆက်စပ်၍ မရ။ ဂျာကင်ပြာသည် ပါးစပ်အဟောင်းသား ငေးကြည့်နေ၏။

"ရွှေသားအစစ် ပန်းကန်နဲ့ဆိုတော့ နည်းနည်း ဈေးတော့ကြီးမယ်… ဆရာလေး ပေးတော့ပေးနိုင်မှာပါ"

"ဗျာ…"

"ကဲပါလေ… သောက်ကြည့်ပါဦး၊ အစပ်တည့်ရဲ့လား၊ အဆင်ပြေရဲ့လား၊ လိုတာရှိရင် ပြင်ပေးရအောင်"

ဂျာကင်ပြာသည် ရွှေပန်းကန်ကို မ၍၊ တစ်ငုံသောက်ကြည့်သည်။ မွှေးချိုသင်းသော သီဟိုဠ် လက်ဖက်ခြောက်ရနံ့က ပြန့်ထွက်လာသည်။

"မလို… မလိုပါဘူး"

အဘိုးကြီး သူ့နေရာသူ ပြန်သွား၏။ လူရွယ် အူကြောင်ကြောင် ဖြစ်နေသည်။ ရွှေသားအစစ် ပန်းကန်ကို ထပ်ကြည့်၏။ စောစောက ဆောင့်ကြွားကြွား အမူအရာများ နည်းနည်းလျော့သွားသည်။

"စီးကရက်ရှိလား"

ဘယ်သူ့ကိုဟူ၍ ရည်ရွယ်မမေး၊ သည်လိုပဲ လှမ်းပြောလိုက်သည်။ စာရေးနေသော မိန်းမချောက လှပသော မျက်လုံးဝိုင်းကြီးများ လှန်၍ ကြည့်၏။

"ရှိပါတယ်၊ ဒူးယားလား"

အသံမှာ တိုး၍အေးသည်။ ဆွဲဆောင်မှုအပြည့် ပါဝင်အောင် တမင်လုပ်၍ ပြောသည်ဟု ထင်ရ၏။

"အဲ… တခြားဘာရှိလဲ"

"ဘာသောက်ချင်သလဲ ပြောပါရှင်၊ ကြိုက်တဲ့ စီးကရက် ရပါစေ့မယ်"

ဂျာကင်ပြာ ဖြုံသွား၏။ ရွှေပန်းကန်နှင့် တကယ်လာချပေးသည်နှင့် လန့်သွားပြီ။

"အဲ… ငါးသုံးလုံး တစ်ဘူးပေးပါ"

"ရပါတယ်"

"နေပါ့စေ၊ ကျွန်တော် လာယူပါ့မယ်"

သွားယူ၏။ အမျိုးသမီးက စားပွဲအောက်ဆင့်မှ ငါးသုံးလုံး ကာတွန်းအသစ်ကို ဖောက်၍ တစ်ဘူးပေး၏။

mgyoe.com

mgyoe.com SAMPLE BOOK

"ထိုင်းတို့၊ စင်ကာပူတို့ မဟုတ်ဘူး... အင်္ဂလန်အစစ်"

"ဟုတ်ကဲ့... ဘယ်လောက်လဲ"

"ပြီးတော့မှ လက်ဖက်ရည်ဖိုးနဲ့ ပေါင်းယူတာပေါ့"

ပြန်သွား၏။ စီးကရက်တစ်လိပ်ကို ထုတ်ယူ၍ ဓာတ်ငွေ့မီးခြစ်ကလေးနှင့် မီးညှိသည်။

"အဲ... ဦးလေး"

စောစောတုန်းက အဘိုးကြီးဟု ခေါ်၏။ အခု နည်းနည်းဖြုံသွား၍ အဘိုးကြီးဟု မခေါ်။

"ဦးလေး... ရေနွေးကြမ်း မရဘူးလားဗျာ"

"ရပါတယ် ဆရာလေး... ဘယ်လောက်တန် လိုချင်လဲ"

"ဗျာ..."

"သြော်... လက်ဖက်ခြောက် တစ်ပိဿာကို တစ်ဆယ်တန်၊ ၁၅ ကျပ်တန် သုံးတာမဟုတ်ဘူး၊ အနည်းဆုံး တစ်ပိဿာကို ၃၀၀၀ လောက်တန်တဲ့ လက်ဖက်ခြောက်ကို သုံးတာဆိုတော့"

"သြော်... အင်း... ဟို သင့်တော်ရာပေါ့ဗျာ"

အဘိုးကြီးသည် ခုံအောက်မှ ငွေကရားအိုးကလေးတစ်လုံး ထုတ်၏။ ငွေကွပ်ထားသော လက်ဖက်ရည်ပန်းကန်ငယ်ကလေးပါ လင်ပန်းထဲ ထည့်၍ လာချပေးသည်။

လက်ဖက်ရည် ပန်းကန်လုံးမှာ ကျောက်စိမ်းနှင့် တူ၏။ ချပေးပြီး... သူ့နေရာသူ သွားပြန်ထိုင်သည်။

ဂျာကင်ပြာ ဒုတိယအချီ ကျွတ်သွားပြန်၏။

ထိုအချိန်...။

ဝင်လာသည်ကို မမြင်လိုက်ရ။ နံရံထောင့်မှ ကပ်ဝင်လာသည်။ ဆိုင်ထဲရောက်မှ မြင်လိုက်ရသည်။

လူတစ်ယောက်...။

အဘိုးကြီးက မလှုပ်။ မိန်းမချောကလေးက အနည်းငယ် လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"အဲဒီလူသောက်တဲ့ ပန်းကန်ထက်ကောင်းတဲ့ ပန်းကန်နဲ့ လက်ဖက်ရည်

mgyoe.com

mgyoe.com SAMPLE BOOK


တစ်ခွက်...၊ အဲဒီလူ သောက်တဲ့ ကရားအိုးထက်ကောင်းတဲ့အိုးနဲ့ ရေနွေးကြမ်းတစ်အိုး ပေးပါ"

ပြောပြီး တစ်ဖက်နံရံသို့သွား၍ ထိုင်၏။ ဂျာကင်ပြာ ဝုန်းခနဲ မတ်တတ်ရပ်လိုက်၏။ ပြီးမှ အသာပြန်ထိုင်သည်။

ခေါင်းပေါ်မှ တောဆောင်း ဦးထုပ်စုတ်ကြီးကို ချွတ်လိုက်၏။

ဆံပင်တစ်ပင်မှမရှိ။ ခေါင်းတုံးချွန်ချွန်ကြီးမှာ သားရေဘောလုံးကြီးလို ပြောင်နေ၏။ မျက်နှာကြီးက သာမန်လူထက် နှစ်ဆခန့်ရှိမည်။ မျက်နှာပြဲပြဲကြီးမှာ မျက်လုံးက တစ်ဖက်ကျဉ်း၊ တစ်ဖက်ကျယ်။ နှာခေါင်းပြားပြား၊ ပါးစပ်ထဲမှာ ကွမ်းတံတွေးများဖြင့် နီရဲနေသည်။ ခေါင်းပေါ်မှာ ဆံပင်တစ်ပင်မှမရှိပေမဲ့ နှုတ်ခမ်းမွေး ကုပ်ကုပ်ကြီးများမှာ ထူထပ်သန်စွမ်းလှ၏။

စစ်ဂျာကင်အစုတ်ကြီး ဝတ်ထားသည်။ လုံချည်အပြာကွက်ကျဲ ခပ်တိုတို၊ အလွန်တုတ်ခိုင် သန်စွမ်းလှသော လူဗလကြီးတစ်ယောက်ဖြစ်၏။ ကြီးမားလေးလံသော ဆင်ခြေထောက်အိတ်ဖောင်းဖောင်းကြီးတစ်လုံး လွယ်ထားရာက မြေကြီးပေါ်သို့ ချလိုက်သည်။

ပါးစပ်ထဲမှ ကွမ်းယာကို လက်ခံထွေး၍ လမ်းပေါ်သို့ လှမ်းပစ်လိုက်သည်။

လက်ဖက်ရည် လာချ၏။

ရွှေသားအစစ် ပန်းကန်စုံ။ ပထမ ပန်းကန်ထက် ပိုကြီး၏။ အနားပတ်လည်မှာ နီလာတုံးကလေးများ မြှုပ်၍ စီခြယ်ထား၏။

"ကောင်းရဲ့လား..."

"ကောင်းပါတယ် ခင်ဗျာ၊ သောက်ကြည့်ပါ"

"မကောင်းရင် ထပ်ဖျော်ပေးရမယ်နော..."

"ပေးပါ့မယ် ခင်ဗျာ"

တစ်ငုံသောက်ကြည့်၏။ ပါးစပ် တပျတ်ပျတ်နှင့် အသံတွေမြည်အောင် အရသာခံကြည့်၏။

"အင်း..."

အဘိုးကြီး သူ့နေရာသူ ပြန်သွား၏။

ဂျာကင်ပြာနှင့် လူရှုယ်က ခေါင်းပြောင်ကြီးကို ကြည့်နေ၏။ ခေါင်းပြောင်ကြီးက မကြည့်။ တစ်ဆိုင်လုံးကို ရှိသည်မထင်သော မျက်နှာပုံစံဖြင့်...

mgyoe.com

နောက်ထပ်တစ်ယောက် ဝင်လာသည်။

"ဟေး...၊ ကော်ဖီတစ်ခွက်၊ အချိုပေါ့ပေါ့ ဘာကော်ဖီရှိလဲ"

"ကြိုက်တာရပါတယ် ခင်ဗျာ"

အဘိုးကြီး ထွက်လာ၏။

ဝင်လာသူမှာ ဗလကောင်းကောင်း၊ ကာကီရောင် တက်ထရက် ဆဖာလီကုတ်နှင့်၊ အကျီအနံ့ ကြေးဝါကြယ်သီးများ တပ်ထား၏။ ကာကီရောင် တက်ထရက် ဘောင်းဘီနှင့်။ ဖိနပ်မှာ ဦးချွန်အနီရောင် ပြောင်လက်နေ၏။ အရပ်မြင့်မြင့်၊ ခံ့ခံ့ညားညား၊ ရုပ်ရှင်ဇာတ်လိုက်ရုပ် ပေါက်နေ၏။

"ကဲ့လားပြည်က နက်ကဖီး မသောက်ချင်ဘူး၊ ရှိန်းခိုစော် နံလွန်းလို့..."

"မက်(စ်)ဝဲလ် ကော်ဖီ အစစ်ရှိပါတယ် ခင်ဗျာ"

"ကောင်းပြီ၊ ဘာမုန့်ရှိလဲ၊ မုန့်ကောင်းကောင်း ယူလာခဲ့"

ဝင်လာသမျှလူတွေက ဆောင့်ကြွားကြွားတွေချည်းဖြစ်သည်။ ဂျာကင်ပြာနှင့် လူရွယ်ဘေးရှိ စားပွဲမှာ ထိုင်သည်။

အမျိုးသမီး ထလာ၏။ နောက်ဖေးခန်းကလေးသို့ ဝင်သွားပြီး ပန်းကန်ပြား တစ်ချပ်ကိုင်လျက် ထွက်လာသည်။

ငွေပန်းကန်ပြား...။

ကိတ်မုန့်တစ်လုံးနှင့် အရိုးမှာ ဖောင်းကြွပန်းခက်များပါသော ငွေဓားကလေး တစ်ချောင်း။

ကိတ်မုန့်ပန်းကန်ကို လာချ၏။

ကိတ်မုန့်ပေါ်မှာ ဖုံးလာသော ဇာပဝါကလေးကို ဖယ်၍...

"ဘာကိတ်မုန့်လဲ..."

"မာဘယ်(လ်)ကိတ်ပါရှင်"

ရန်ကုန်မြို့လို မြို့ကြီးမှာတောင်မှ ဆိုင်တိုင်းမှာမရ။ သမ္မတလို၊ ကမ်းနားလမ်း ဟိုတယ်လိုမှာမှ ရနိုင်သော ကိတ်မုန့်ကို ငွေပန်းကန်နှင့် လာချသည်။

သည်လက်ဖက်ရည်ဆိုင်စုတ်စုတ်ကလေးသည် အံ့ဩထူးဆန်းသော အရာများ ဖြင့် ပြည့်နေပုံရသည်။

စတော်ဘယ်ရီနံ့ သင်းနေသော အဖြူ၊ အနီ၊ အဝါများ။ လှပသော ကိတ်မုန့် တုံးကလေးကို ဓားဖြင့်မလှီးဘဲ လက်ဖြင့်ဖဲ့၍ ကိုက်စားလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK


"အင်း...၊ မဆိုးဘူး"

ထိုစဉ်...၊ ဂျစ်ကားတစ်စီး ထိုးဆိုက်လာပြန်သည်။ လီဗာကို နင်း၍ စက်ရပ်လိုက်သည်။

လူတစ်ယောက် ဆင်းလာသည်။

အရပ်မြင့်မြင့်၊ မီးခိုးရောင်ဂျာကင်နှင့်၊ မီးခိုးရောင် ဘောင်းဘီနှင့်၊ စီးကရက်တစ်လိပ် လက်ကြားညှပ်၍ ဆိုင်တွင်းသို့ ဝင်လာသည်။ သူလည်း မြောက်ကြွကြွပင် ဖြစ်၏။

ဂျာကင်ပြာနှင့် လူက စိုက်ကြည့်နေသည်။ ခေါင်းပြောင်ကြီးက လုံးဝမကြည့်။ နောက်ဆုံးဝင်လာသူက ကိတ်မုန့်ကိုစားရင်း အဝါးရပ်သွား၏။ တစ်ချက်ကြည့်ပြီး ထပ်မကြည့်။ ကိတ်မုန့်ကိုသာ သဲသဲမဲမဲ စားနေ၏။

အလယ်စားပွဲတွင် ဝင်ထိုင်သည်။

"ဘာသုံးဆောင်မလဲ ရှင်..."

အဘိုးကြီး ကော်ဖီဖျော်နေသောကြောင့် အမျိုးသမီးက လာရပ်၍ မေး၏။

ယဒ်လေ ရေမွှေးနံ့သည် အမျိုးသမီး၏ကိုယ်မှ ဝဲပျံ့ထွက်နေကြောင်း မီးခိုးရောင် ဝတ်စုံနှင့် လူရွယ်က သတိပြုမိလိုက်သည်။

"ဆိုင်ရှင်က ဘယ်သူလဲ"

"ရှင်..."

"ဆိုင်ရှင်က ဘယ်သူလဲလို့ မေးနေတာ"

လေသံက မမာပေမဲ့ မေးပုံရင့်သည်။ အဘိုးကြီး ကော်ဖီဖျော်နေရာက လှမ်းကြည့်လိုက်သည်။

"ဆိုင်ရှင် ဟုတ်လား၊ ဆိုင်ရှင်က... မ... ပါ"

မော်လမြိုင်သူပဲ ဖြစ်မည်ဟု မီးခိုးရောင် လူရွယ်က တွက်လိုက်သည်။

"ဒီလောက် ချောင်ကျတဲ့နေရာမှာ ဒီလောက်စုတ်တဲ့ဆိုင် လာဖွင့်ရတယ်လို့နော်"

သူ့ဘာသာသူ ပြောသလို ညည်းညည်းညူညူ ပြော၏။

"ဒါတော့ရှင်... ဝမ်းရေးဆိုတော့ မတတ်သာလို့သာ ရရာနေရာမှာ ဖွင့်ရတာပေါ့"

"ဟို... ဦးလေးကြီးက အလုပ်သမားလား"

"မ... ရဲ့ ခင်ပွန်းပါ"

mgyoe.com

mgyoe.com SAMPLE BOOK

ကော်ဖီပန်းကန်ထဲမှာ ဇွန်းနှင့် မွှေနေရာက ရပ်သွား၏။

ဂျာကင်အပြာနှင့် လူရွယ်၊ ကာကီရောင်ဝတ်စုံနှင့် လူတို့က စူးစိုက် အကဲခတ်နေသည်။

ခေါင်းပြောင်ကြီးကတော့ လမ်းကိုသာ ကြည့်နေသည်။ ဘယ်သူ့ကိုမှ ရှိတယ်လို့ မထင်၊ အဖက်လုပ်၍ မကြည့်။

"စပ်စုတာ မဟုတ်ပါဘူးနော်..."

"ရပါတယ်ရှင်..."

"ဒီဆိုင်ကို ရောင်းမလား..."

ရုတ်တရက် မေးလိုက်၍ အမျိုးသမီး မျက်လုံးဝိုင်းသွား၏။

"ရှင်..."

"ဒီဆိုင်ကို ရောင်းမလား၊ ကျွန်တော်ဝယ်မယ်။ ဆိုင်ထဲမှာ ရှိတာတွေအားလုံး"

"ရှင်..."

"စားပွဲကုလားထိုင် ပန်းကန်တွေ ဘာတွေအကုန်၊ အခုဆိုင်ထဲမှာရှိနေတဲ့ လူသုံးယောက်ပါ ကျွန်တော် ဝယ်မယ်၊ ဘယ့်နှယ်လဲ"

"ရှင်... ဟို..."

"အခုထိုင်နေတဲ့ လူသုံးယောက်ပါဝယ်မယ်..."

ဂျာကင်အပြာနှင့် လူရွယ်က ဝုန်းခနဲ ထလာ၏။

"ခွေးမသား... စော်ကားတာလားကွ"

မီးခိုးရောင်လူရွယ်က ထိုင်ရာမှ မထ၊ ပြေးဝင်လာသူကို ခြေဖြင့် ဖမ်းထောက်လိုက်သည်။ ဒူးဆစ်ကို ထောက်ဖိ၍ ဂျာကင်ပြာ လဲကျသွားသည်။

လဲရာမှ ပြန်ထပြီး ရှေ့တိုးဝင်အလာ၊ ဝင်လာသော လက်ကို ဖမ်းဆွဲလိမ်၍ လွှင့်ပစ်လိုက်သည်။ စားပွဲစောင်းနှင့် တိုက်၍ ခွေကျသွား၏။

ထိုင်ရာမှ မထ။

အမျိုးသမီးပါးစပ်ကို လက်ဝါးနှင့် ပိတ်ထား၏။ အဘိုးကြီးလာသည်၊ မီးခိုးရောင် လူရွယ်အနီးသို့ လာရပ်၏။

"အဲဒီ ဂျာကင်ပြာနဲ့ကောင်တော့ မဝယ်တော့ဘူး၊ ဟောဒီလူနဲ့ ဟောဟိုက ထိုင်နေတဲ့ ခေါင်းပြောင်ကြီးနှစ်ယောက် အပါအဝင် ခင်ဗျားဆိုင် ဘယ်လောက်လဲ"

ကိတ်မုန့်စားနေသူ၏ မျက်နှာကို ကြည့်၍ လက်ညှိုးထိုးပြောလိုက်သည်။

mgyoe.com

 yoe.com SAMPLE BOOK 

စားလက်စကိတ်မုန့်ကို အသာချ၍ ဖြည်းညင်းစွာ ထလာသည်။ မီးခိုးရောင်လူရွယ်၏ စားပွဲသို့ လာ၏။ စားပွဲပေါ် လက်ထောက်ပြီး ပြုံးလိုက်သည်။

"မင်းက ငါ့ကိုပါဝယ်မယ်ဆိုလို့ ဘယ်လောက်ချမ်းသာသလဲ၊ ငါ့ကို ဘယ်လောက်နဲ့ ဈေးဖြတ်မှာလဲ"

အသံမှာ အေးစက်မာကျော၏။

"ဝယ်နိုင်လောက်အောင် ချမ်းသာတယ် ကိုယ့်လူ... မဝယ်နိုင်ဘဲ လာမအော်ဘူး၊ ဈေးကတော့ ကိုယ့်လူ တန်သလောက်ပေါ့"

"ဟား... ဟား... ဟား..."

ခါးထောက်၍ ကိုယ်ကို နောက်လှန်၍ အားရပါးရ ရယ်လိုက်သည်။

"ဟား... ဟား... ဟား... အင့်"

ရယ်သံတစ်ဝက်နှင့် ရပ်သွားသည်။ မီးခိုးရောင် လူရွယ်က အရှိက်ကို လက်သီးတစ်လုံး ပစ်သွင်း၏။ ကိုယ်ကြီးကိုင်းကျအလာတွင် လည်ကုပ်ကို လက်ဝါးစောင်းနှင့် ခုတ်လိုက်သည်။

သစ်တုံးကြီးတစ်လုံး ပြိုကျသွားသလို လဲကျသွား၏၊ မလှုပ်တော့။

"မျက်နှာနား ကပ်ရယ်တာ အာပုပ်စော်နံတာ ကျွန်တော် သည်းညည်းမခံနိုင်ဘူး၊ အဲ... သူ့ကိုလည်း မဝယ်တော့ဘူး၊ ဟိုခေါင်းပြောင်ကြီးတစ်ယောက်ပဲ ဝယ်တော့မယ်"

လူရွယ်သည် ယခုချိန်ထိ ထိုင်ရာမှ မထသေး။

အဘိုးကြီးက မှတ်ဆိတ်မွေးကို သပ်၍ သဘောကျစွာ ပြုံးနေသည်။ အမျိုးသမီးက ဝင်ပြောသည်။

"ဒီလို... ရှိပါတယ်ရှင်..."

"ငါ့တူက လူတော်တစ်ယောက်ပဲ၊ ဒီအရပ်မှာ မျက်နှာစိမ်းမို့ နာမည် သိပါရစေ"

အဘိုးကြီးက လေအေးအေးနှင့် မေး၏။

"ကျွန်တော့်မှာ နာမည်တွေ အများကြီးပါ၊ နာမည်က အရေးမကြီးပါဘူး၊ ဒီဆိုဝ်ရောင်း၊ မရောင်းသာ့ သိပါရစေ၊ ကျွန်တော့်ကားထဲမှာ သံသေတ္တာနဲ့ နှစ်လုံးအပြည့် ရာတန်အုပ်တွေချည်း ပါပါတယ်"

"ကျုပ်တို့ ဆိုင်ကလေးဟာ ဘာမှမတန်ပါဘူး၊ ဆရာလေးရယ်..."

"တန်တာ မတန်တာ မပြောနဲ့လေ။ ဝယ်ချင်တဲ့လူရှိရင် ရောင်းမယ့်လူက ရောင်း၊

mgyoe.com

mgyoe.com SAMPLE BOOK


မရောင်းသာ ပြောပါ” -

“မရောင်းဘူးဆိုရင်ကော ဆရာလေး ဘာလုပ်မလဲ”

အဘိုးကြီးသည် မုတ်ဆိတ်မွှေးကို လက်နှင့်သပ်၍ ပြုံးပြုံးကလေးနှင့် မေးသည်။

“မရောင်းရင် ခင်ဗျားနဲ့ ဒီအမျိုးသမီးကို ခြေထောက်ရိုက်ချိုးပြီး ဟိုဘက်နားက ချောက်ကမ်းပါးထဲ ပစ်ချလိုက်ရုံပဲပေါ့”

“အပြောကတော့ အတော်စွာတာပါပဲ ဆရာလေးရယ်”

မီးခိုးရောင်လူရွယ်သည် ဖျတ်ခနဲ ထရပ်၏။

သူတို့ စားပွဲနားသို့ ခေါင်းပြောင်ကြီးနှင့်လူကြီး ဘယ်အချိန်က ထလာသည် မသိ။

တစ်ဖက်ကျဉ်း တစ်ဖက်ကျယ် မျက်လုံးများက မီးခိုးရောင် လူရွယ်ကိုသာ စူးစူးရှရှ ကြည့်နေ၏။

ကုပ်ကုပ်ထူထူ နှုတ်ခမ်းမွှေးကြီးများသည် ကွမ်းယာစားနေသော ပါးစပ်၏ လှုပ်ရှားမှုကြောင့် ထက်အောက် လှုပ်နေကြသည်။

“အဲဒီကောင် ဘယ်သူလဲဆိုတာ မင်းသိသလား”

လဲကျနေသော ကာကီရောင် ဆာဖာရီကုတ်နှင့်လူကို မေးဖြင့်ပြ၍ မေး၏။ မီးခိုးရောင်လူရွယ်က မဖြေ။

“ဒေဝမာန်တဲ့၊ ဒီနယ်မှာ ဖိမ့်ဖိမ့်တုန်အောင် ကြောက်ကြရတဲ့ကောင်။ ဟိုဂျာကင်ပြာနဲ့ ကောင်လေး ဘယ်သူ့သားလဲဆိုတာကော မင်းသိရဲ့လား။ ငါကပဲ ပြောပါရစေ၊ ဒီနယ်မှာ ဘုရင်တစ်ဆူလို ကျယ်နေတဲ့ ဦးရွှေညိုရဲ့ သားအငယ်ဆုံး”

“အဲ... အဲဒါ ဘာဖြစ်လဲ”

“ဖြစ်တာ မဖြစ်တာ ငါ့ကိစ္စမဟုတ်ဘူး၊ မင်းသိရအောင် ပြောတာပါ”

“သိဖို့ မလိုဘူးထင်တယ်”

“အေး၊ ဒါပေမဲ့... ငါ့နာမည်တော့ မင်းသိဖို့လိုမယ်ထင်တယ်၊ ဘာလို့လဲဆိုတော့ မင်းက ငါ့ကို ဝယ်မယ်လို့ ပြောတာ ကြားလိုက်မိလို့”

“အဟား... ဟား...၊ ဒီမှာ နှုတ်ခမ်းမွှေး အောင်ဝင်းကြီး၊ ခင်ဗျားနာမည် သိရုံတင် မကဘူး၊ ခင်ဗျား အခု ဘယ်ကလာတယ်၊ ဘယ်သွားမလို့၊ ဟိုအိတ်ကြီးထဲမှာ ဘာတွေ ပါတယ်ဆိုတာကအစ သိတယ်။ ဒေဝမာန်ဆိုတဲ့ အကောင်လည်း ကျုပ်သိတယ်။ လေးလက်မလောက်အကွာက ကပ်ထိုးတဲ့ လက်သီးတောင် မခံနိုင်တဲ့ကောင်ကို ကျုပ်

mgyoe.com

 gyoe.com SAMPLE BOOK 

စိတ်မဝင်စားဘူး။ အဲ...၊ ခင်ဗျားကိုတော့ စိတ်ဝင်စားပါသေးတယ်"

"ငါ့နာမည်ကို မင်း သိနေတယ်၊ မင်းက ဘယ်သူလဲ။ ငါ့ကို ဝယ်မယ့်သူဆိုတော့ ငါသိထားသင့်ပါတယ်ကွာ"

"ကျုပ်နာမည်... **ရှားလူ**၊ ကြားဖူးလား"

ကျယ်နေသော မျက်လုံး ပိုကျယ်လာသည် ထင်ရ၏။ နှုတ်ခမ်းမွေးကြီး အောင်ဝင့်ကြီးဆိုသော လူကြီးသည် အကြာကြီး ငေးစိုက်ကြည့်နေ၏။ အသံတိုးတိုး ပြောသည်။

"ဩော်... မင်းကိုး၊ ရှားလူဆိုတာ မင်းကိုး"

"ဟုတ်တယ်..."

"အင်း...၊ ဒါကြောင့် မင်း ဒါလောက်စွာရဲတာကိုး။ ဒေဝမာန်လို ကောင်ကို တောင် တစ်ချီတည်း အလဲထိုးနိုင်တာကိုး...။ ဒီလိုလုပ်ကွာ၊ ငါအခု သွားစရာ ကိစ္စ လေးတွေ ရှိနေသေးတယ်။ မင်း ငါ့ကို ဝယ်မယ်ဆိုတာ ဈေးစကားပြောရအောင်၊ တစ်ရက်ချိန်းပါလား"

"ဘယ်တော့လဲ"

"သန်ဘက်ခါ"

"ဘယ်နေရာလဲ..."

"မန်ကလူရွာထိပ်က အရက်ဆိုင်"

"ကောင်းပြီ..."

"ငါသွားမယ် ရှားလူ"

လှည့်ထွက်သွား၏။ ခြေလှမ်း နှစ်လှမ်းလောက် သွားပြီးမှ နောက်ပြန်လှည့်၍...

"ဩော်... ဦးလုံမိန်း။ ခင်ဗျားဆိုင်ကို သူ့ရောင်းလိုက်ရင် ကောင်းမယ်။ ကျုပ် အကြံပေးတာ စေတနာနဲ့ပါ။ သွားမယ်"

လေးလံသော ဆင်ခြေထောက်အိတ်ကြီးကိုဆွဲ၍ ခြေလှမ်းကျဲကြီးများနှင့် ထွက် သွား၏။

ရှားလူ ဆိုသူက အဘိုးကြီးဘက်သို့ မျက်နှာလှည့်လိုက်၏။ အမျိုးသမီးသည် ဆိုင်ထဲမှာ သတိမေ့လဲနေသော လူနှစ်ယောက်ကို တစ်လှည့်၊ ရှားလူဆိုသော လူရွယ် ကိုတစ်လှည့် ကြည့်နေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

ဂျာကင်အင်္ကျီလက်ဖျားကို လှန်၍ နာရီကြည့်သည်။

"ကဲ... ဦးလုံမိန်း၊ ဘယ်လိုလဲ။ ခင်ဗျားတို့ကို အရှင်းဆုံးပြောရရင် ဒီနေရာမှာ မနေစေ့ချင်ဘူး...။ ဆိုင်လာဖွင့်တာ မလိုလားဘူး...။ အဲဒီတော့ ပေးတဲ့ပိုက်ဆံကို အေးအေးယူပြီး၊ အေးအေးဆေးဆေး တခြားနေရာ ရွှေ့မလား...၊ မောင်းထုတ်ပစ်ရမလား..."

"နည်းနည်း အပေးအယူညှိရအောင်လား၊ ဆရာလေး"

"အပေးအယူညှိကြည့်စရာ မလိုတော့ပါဘူးလေ၊ ကျွန်တော်ပေးတဲ့ ပိုက်ဆံယူ၊ ပြီးရင် တစ်နေရာပြောင်း..."

"အချိန်နည်းနည်းပေးပါလား ဆရာလေးရယ်"

"၂၄ နာရီ..."

"ကျွန်မ... ကျွန်မ ပြောပါရစေ"

"ဒီမယ် ချိုသက်ထား၊ ခင်ဗျားအကြောင်းလည်း အစအဆုံး သိထားပြီးသားပါ။ အပိုတွေ လာလုပ်မနေနဲ့၊ ဒီမှာလာ လင်မယားဟန်ဆောင်ပြီး လက်ဖက်ရည်ဆိုင်ဖွင့်၊ ရွှေထည်ပစ္စည်းတွေ လုပ်နေတာကို ခွင့်ပြုထားတာကိုပဲ ကျေးဇူးတင်ပါဦး။ အခုဟာက နေရာပြောင်းရုံတင်ကလေးနဲ့ လျော်ကြေးလည်း ရဦးမယ်။ ဘာပြောချင်တာတုံး၊ ဘာစျေးဆစ်ချင်သေးတာတုံး"

"ကောင်းပါပြီ ဆရာလေးရယ်။ ကောင်းပါပြီ ကောင်းပါပြီ"

"၂၄ နာရီကြာရင် ကျုပ် တစ်ခေါက်ပြန်လာခဲ့မယ်"

စားပွဲပေါ်က ငါးသုံးလုံး ကာတွန်းကို ယူလိုက်၏။ တစ်ဘူးနှိုက်ယူပြီး အစိတ်တန်တစ်ရွက် စားပွဲပေါ်သို့ ချထားလိုက်၏။

"ဒီမှာ စီးကရက်ဖိုး"

"အိုရှင်...၊ မယူပါဘူး၊ သောက်သွားပါ"

"လက်ဖက်ရည်တစ်ခွက်၊ စီးကရက်ဘူး အလကားသောက်ရတိုင်း ပိုက်ဆံမပေးဘဲ သောက်သွားတတ်တဲ့ အငတ်အပြတ်များ မှတ်နေသလား ဒေါ်ချိုသက်ထား၊ ရှားလူဟာ တန်ရာတန်ကြေး အမြဲပေးတယ်။ တန်ရာတန်ကြေးလည်း အမြဲယူတယ်"

ချာခနဲ လှည့်ထွက်သွား၏။

မုတ်ဆိတ်ဖြူနှင့် ဒေါ်ချိုသက်ထားဆိုသော မိန်းမချောတို့နှစ်ယောက် ငေးစိုက်ကျန်ရစ်ခဲ့ကြသည်။

mgyoe.com

ဂျစ်ကားသည် တစ်ရှိန်ထိုး ကွေ့ဝိုက်၍ ထွက်သွား၏။

ဦးလုံမိန်း တောက်တစ်ချက် ခေါက်လိုက်သည်။

*

"ဦးလုံမိန်းတို့ဆိုင်ကို ဘာလို့ဝယ်တာလဲဆိုတာ ငါသိချင်တယ်..."

ဦးရွှေညိုသည် အသားဖြူဖြူ၊ အရပ်ခပ်ပုပု၊ လူခပ်သေးသေးဖြစ်၏။ ခန္ဓာကိုယ်သေးငယ်သော်လည်း ထက်မြက်သော ဉာဏ်ရှိ၏။ ငွေကြေး ကြွယ်ဝချမ်းသာ၏။ ကျောထောက်နောက်ခံ တောင့်တင်း၏။ ဤနယ်တစ်ဝိုက်တွင် အမှန်ပင် နယ်ရှင်ပယ်ရှင်ကြီး တစ်ဦးအဖြစ် တွင်ကျယ်ဩဇာညောင်းခဲ့သည်မှာ ကြာပြီ။ တပည့်တပန်း ဩဇာခံတွေ လွန်စွာ တောင့်တင်း၏။ သူ့သားအငယ်၊ အောင်ဇင်ညို ခံလာခဲ့ရသည်ကို သိသည်နှင့် သူ့တပည့် လက်ရင်းများကို ခေါ်၍ တိုင်ပင်နေသည်။

"ကျွန်တော် ဦးလုံမိန်းကို တွေ့ခဲ့ပါတယ်၊ ဘာအကြောင်းလည်း စဉ်းစားလို့မရဘူးတဲ့။ သူထင်တာကတော့ တစ်ယောက်ယောက် ဒီနယ်မှာ စီးပွားရေးလုပ်ချင်လို့ အဖယ်ခိုင်းတာပဲလို့... ပြောပါတယ် ဆရာကြီး"

"နှုတ်ခမ်းမွေးဟာ... ဒီကောင်ကို သိနေတယ်။ ဒါကြောင့် ဦးလုံမိန်းကို သူဝယ်တာ ရောင်းလိုက်ပါလို့ ဝင်အကြံပေးသွားတာပေါ့၊ ဟုတ်သလား"

"ဟုတ်ပါတယ်၊ နှုတ်ခမ်းမွေး အောင်ဝင်းကြီးနဲ့ မန်ကလူရွာထိပ် အရက်ဆိုင်မှာ သန်ဘက်ခါ ချိန်းတာကို ဦးလုံမိန်း ကြားလိုက်ပါတယ်"

"ဒီကောင်... ဘယ်သူလဲ၊ ဘယ်ကလာတာလဲ... ဘာအဆက်ရှိသလဲ၊ ဒါအမြန်ဆုံးသိရမှ ဖြစ်မယ်"

"ဘပု... ကြားဖူးတာကတော့ တာချီလိတ် မဲဆိုင်ဘက်ကလာတယ်လို့ သိရတယ်၊ ကျွန်တော်တို့ မြောက်ပိုင်းမှာတော့ ဘာမှမကြားဖူးသေးဘူး"

ဦးရွှေညိုသည် ကုလားထိုင် လက်တင်ကို လက်ချောင်းများဖြင့် တဒေါက်ဒေါက် ခေါက်နေသည်။

"သံခဲ... အောင်ဝင်းကြီးကို တွေ့အောင်ရှာ၊ ငါ့ဆီခေါ်ခဲ့၊ ရအောင်ခေါ်ခဲ့၊ သူသိမယ်... ဒီကောင့်အကြောင်း သူ့ကို မေးရမယ်"

"ဟုတ်ကဲ့ ဆရာကြီး"

"အောင်ဝင်းဟာ တစ်ကိုယ်တော်သမားပေမဲ့ ဝါရင့် အတွေ့အကြုံရှိတယ်၊

mgyoe.com

လွယ်လွယ်နဲ့ ခေါ်မရနိုင်ဘူး။ ပရိယာယ် သုံးတန်သုံး၊ မရမှ အကြမ်းနည်းနဲ့ ခေါ်ခဲ့၊ ကြားလား"

"ဟုတ်ကဲ့၊ စိတ်ချပါ ဆရာကြီး"

"ညနေ ၅ နာရီကျရင် ဦးလုံမိန်းတို့ လင်မယားကို ငါ ထမင်းစားဖိတ်ထားတယ်၊ ဒီကြားထဲမှာ သူတို့နဲ့ ဘယ်သူနဲ့ တွေ့တယ်၊ လူစိမ်း ဘယ်သူလာတယ်ဆိုတာ စောင့်ကြည့်"

"ဟုတ်ကဲ့ ဆရာကြီး"

"အေး... သွားကြတော့"

"ဟုတ်ကဲ့၊ ဆရာကြီး"

လူပုပု သေးသေးညှက်ညှက်ကလေး ဖြစ်သော်လည်း သူ့ခေါင်းထဲမှာ ဉာဏ်နီ ဉာဏ်နက် ဉာဏ်ရောင်စုံတွေ ရှိနေ၏။ ထို့ကြောင့်... ဤနယ်မြေမှာ စီးပွားရေး အဓိပတိကြီးအဖြစ် နှစ်လကြာရှည် အုပ်စိုးထားခြင်းပင်ဖြစ်၏။

ဘာမဟုတ်တဲ့ ရှားလူဆိုတဲ့ ချာတိတ်ကြောင့် ဦးရွှေညို စိတ်အနှောင့်အယှက်ဖြစ်ရ၏။ သူ့သားအငယ်ဆုံးကို ကိုယ်ထိလက်ရောက် စော်ကားလိုက်သည်ကို သူ သိပ်အရေးမထား။ သူ့ဩဇာနယ်ပယ်မှာ လာကျယ်သည်ကို ပို၍ မခံမရပ်နိုင် ဖြစ်နေ၏။

သို့သော် ဦးရွှေညိုသည် မှင်သေသေ ဟန်ဆောင်ကောင်းသူဖြစ်၏။ ရင်ထဲက ဒေါသကို အပြင်ထုတ်ဖော်လေ့ ရှိသူမဟုတ်။

သူ့ခေါင်းထဲမှာ ဉာဏ်ရောင်စုံတွေ ရှိ၏။

*

တဲအမိုးစွန်းမှ မိုးရေ တစက်စက်ကျနေ၏။ တောင်ပေါ်မိုးသည် နှင်းလို တဖွဲဖွဲရွာတတ်သောအခါလည်းရှိ၏။ တဲနောက်မှ ပတ်၍လာခဲ့သည်။ ရှားလူသည် ကြောင်တစ်ကောင် လမ်းသွားသလို၊ မြွေတစ်ကောင် လမ်းသွားသလို၊ ရွှေ့လျားသလို ခြေလှမ်း လှ၏။

အမှန်အားဖြင့် ရှားလူသည် တိရစ္ဆာန်ပေါင်းစုံ၏ အရည်အချင်းများ ရရှိထားသူဖြစ်၏။

တဲနောက်ဘက်မှ ဝုန်းခနဲ ခုန်တက်လိုက်သည်။

"မလှုပ်နဲ့ မြင်လား ဒီမှာ"

mgyoe.com

 mgyoe.com SAMPLE BOOK 

လက်ထဲက ၃၈ ကယ်လီဗာ... ခြောက်လုံးပြူးကို ယမ်းပြလိုက်၏။ အသံထိန်းပြောင်းပို တပ်ထား၍ သေနတ်မှာ ရှည်လျားနေ၏။

နှုတ်ခမ်းမွေးကြီး အောင်ဝင်းကြီး စားလက်စဇွန်း ပါးစပ်ထဲသို့ မရောက်၊ လမ်းတစ်ဝက်မှာ ရပ်တန့်သွား၏။

"ဘာသဘောလဲ ရှားလူ၊ မင်းနဲ့ငါ ချိန်းထားပြီးပြီပဲ။ ပထမအဆင့် သဘောတူပြီးပြီပဲ..."

နှုတ်ခမ်းမွေးကြီး၏ အသံသည် တည်ငြိမ်နေ၏။ ဇွန်းကို ပါးစပ်ထဲထည့်၍ ထမင်းဆက်စားနေသည်။

ရှားလူက ရယ်လိုက်သည်။

သေနတ်ကို ခါးကြားသို့ ထိုးထည့်၏။

"ရုတ်တရက် ခင်ဗျား တစ်ခုခု လုပ်လိုက်မှာစိုးလို့ပါ"

အောင်ဝင်းကြီး ထမင်းစားနေရာ၊ နေရာ ကြမ်းပြင်မှာ ခြေချိတ်၍ ပြင်ကာ တင်ပျဉ်ခွေထိုင်ချ၏။ ဆက်ပြော၏။

"သန်ဘက်ခါ... မန်ကလူမှာ ချိန်းတာကို ဦးလုံမိန်း ကြားတယ်၊ ညနေ ဦးရွှေညို ရဲ့ လူတွေ ဦးလုံမိန်းနဲ့တွေ့တယ်၊ ဒီအကြောင်း သိသွားမယ်ဆိုတာ ကျုပ် စဉ်းစားမိတယ်"

"အဲဒီတော့ ဘာဖြစ်သလဲ"

"အဲဒီတော့... ဦးရွှေညိုဟာ ကျုပ်အကြောင်း ခင်ဗျားကို မေးလိမ့်မယ်လို့ ကျုပ်တွက်မိတယ်။ မန်ကလူမှာ ခင်ဗျားနဲ့ ကျုပ်နဲ့ မတွေ့ခင် ခင်ဗျားဆီလာမှာပဲ"

"လာတော့..."

"လာတော့ ခင်ဗျား ကျုပ်အကြောင်း ပြောရမှာပေါ့"

"ငါသိသလောက် ပြောချင်လည်း ပြောမယ်၊ မပြောချင်လည်း မပြောဘူးပေါ့"

"အဲဒါပေါ့ဗျ၊ ခင်ဗျားကို ကျုပ်ဟာ ဘာလို့ ချိန်းသလဲဆိုတာ မသိရခင်၊ ဦးရွှေညိုကို ဘာတွေ ပြောမိမယ်ဆိုတာ အရေးကြီးလို့ပေါ့။ ခင်ဗျား ကျုပ်အကြောင်း ဘာသိသလဲ"

"ငါ... မင်းမေးတိုင်း ဖြေရမှာလားကွ"

"ပြောချင်မှ ပြောပေါ့။ ဒါပေမဲ့ ခင်ဗျားကို ကျုပ်ဟာ ဘာလို့ ချိန်းသလဲဆိုတာတော့ ကြိုတင်ပြောပြီး သိထားဖို့တော့ လိုတယ်"

mgyoe.com

 gyoe.com SAMPLE BOOK 

"လိုရင်ပြော..."

"ဦးရွှေညိုဟာ ဒီနယ်မှာ လုပ်ငန်းတွေ ချဲ့လိမ့်မယ်။ အဲဒီလို မလိုလားတဲ့ လူနှစ်ယောက်ရှိတယ်။ ဦးရွှေညို လုပ်ငန်းတွေကို ပျက်အောင်ဖျက်ဖို့ ကျုပ်ကို တာဝန်ပေးလိုက်တယ်။ ကျုပ် ခင်ဗျားရဲ့ အကူအညီလိုတယ်။ ငွေကောင်းကောင်းပေးမယ်၊ ခင်ဗျား ကျုပ်နဲ့ ပူးပေါင်းဖို့"

"အဲဒီလူက ဘယ်သူလဲ"

"ကျုပ်ပြောချင်မှ ပြောမှာပေါ့"

"ကောင်းပြီ၊ ငွေက ဘယ်လောက်ပေးမှာလဲ"

"လုပ်ငန်း အောင်မြင်မှုပေါ် မူတည်ပြီး ပေးမှာပေါ့။ လောလောဆယ် ခင်ဗျားက ကျုပ်နဲ့ပူးပေါင်းမယ်၊ ဦးရွှေညို လုပ်ငန်းတွေ ဖျက်ဆီးရာမှာ ကူညီ လုပ်ကိုင်ပေးမယ်လို့ သဘောတူရင် စရန်ငွေ နှစ်သိန်းပေးမယ်"

"ကောင်းပြီ၊ ငါက မင့်အမိန့်အတိုင်း နာခံရမှာလား"

"လုပ်တာတော့ တိုင်ပင်ရမှာပဲ၊ လိုအပ်ရင်တော့ နာခံရမယ်။ ကျုပ်က ကျုပ်အလုပ်ရှင်ရဲ့ ကိုယ်စားလှယ်ပဲ"

"ကောင်းပြီ၊ ဘယ်မလဲ ငွေ နှစ်သိန်း၊ ပေး..."

"မနက်ကလူမှာ တွေ့တော့ ပေးမယ်"

အောင်ဝင်းကြီး စားနေသော ဟင်းခွက်ထဲမှ ဝက်သားချဉ်တစ်ဖတ် ကောက်၍ ဝါးလိုက်၏။ ထွေးပစ်လိုက်သည်။

"ဖွီ...၊ ငန်လိုက်တာဗျာ"

"ရှားလူ၊ မင်းက ဘာကောင်လဲ"

"ဟား... ဟား...၊ ရှားလူဝါဆိုနေမှ ရှားပါးတဲ့ လူပဲပေါ့ဗျာ။ ကဲ... ကျုပ်သွားမယ်၊ ဦးရွှေညို မေးရင် ခင်ဗျား သင့်လျော်တယ်ထင်သလို ပြောပေတော့"

"အေး၊ ကောင်းပြီ..."

ရှားလူသည် တဲနောက်ဖေးစွန်းမှ ဆင်းသွား၍ ငှက်ပျောတောထဲမှာ ပျောက်သွားသည်။

အိမ်ရှေ့မှ ခေါ်သံကြားရ၏။

"နှုတ်ခမ်းမွေးကြီး...၊ နှုတ်ခမ်းမွေးကြီး..."

အောင်ဝင်းကြီးသည် ဘေးချထားသော ပစ္စတိုကို ကောက်ကိုင်လိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK


"ကျွန်တော်တို့ ဦးရွှေညိုက လွှတ်လိုက်လို့ပါ။ စကားပြောပါရစေ"

အောင်ဝင်း အသံမပေး။

ရှားလူ ဆင်းသွားသော နောက်ဖေးပေါက်မှ အောက်သို့ဆင်းသည်။ ကြီးမား လေးလံသော ကိုယ်လုံးကိုယ်ထည်နှင့် မမျှအောင် ပေါ့ပါးညင်သာသည်။

တဲခေါင်းရင်းဘက်မှ ပတ်၍ထွက်သည်။

အပြင်မှာ ကတုတ်ကျင်းရှည်ရှည် တူးထား၏။ ကတုတ်ကျင်းမှ ဝပ်သွားလျှင် လွတ်လောက်အောင်နက်သည်၊ ကျင်းရှည်၏။ တစ်ဆစ်ချိုးကွေ့၍ ခြံအပြင်သို့ ရောက်သည်။

အောင်ဝင်းက ကတုတ်ကျင်းထဲမှ ခါးကိုင်း၍ ပြေးထွက်သည်၊ ခြံအပြင်သို့ ရောက်သွား၏။

ဦးရွှေညိုထံမှ လာသူနှစ်ယောက် ခြံတွင်းဝင်လာသည်။

"နူတ်ခမ်းမွေးကြီး၊ ကျုပ်တို့ ဝင်ခဲ့ပြီနော်။ စကားပြောချင်လို့ပါ"

လူနှစ်ယောက် လက်နက်မပါ။ တဲ တံစက်မြိတ်စွန်းတွင် ရပ်နေ၏။

အောင်ဝင်းက သူတို့နောက် ရောက်နေပြီ။

ကျွန်းပင်ကွယ်မှ လှမ်းပြော၏။

"လက်နှစ်ဖက် ခေါင်းပေါ်မြှောက်ထား၊ ဒီဘက်လှည့်...၊ ဖြည်းဖြည်းလှည့်"

လူနှစ်ယောက် လန့်သွား၏။ လက်မြှောက်၍ ခေါင်းပေါ် လက်တင်ထား၏။ ဖြည်းဖြည်းချင်း လှည့်လာသည်။

"ကျုပ်တို့ ရန်မူရအောင် လာတာမဟုတ်ပါဘူး။ ဦးရွှေညိုက စကားပြောချင်လို့ ညနေစာ စားဖို့ပါ ဖိတ်လိုက်လို့ လာခဲ့ပြီး လာခေါ်တာပါ"

အောင်ဝင်းကြီး သစ်ပင်ကွယ်မှ ထွက်လာသည်။

"သံခဲ..."

"ဟုတ်ပါတယ်၊ ကျုပ် သံခဲပါ"

"မင့်ဆရာ... ဘာလိုချင်လို့လဲ"

"အလုပ်ကိစ္စ ဆွေးနွေးချင်လို့ပါ"

"ငါ သူများအတွက် လုပ်မပေးဘူးဆိုတာ မင်းမသိဘူးလား၊ မင့်ဆရာကော မသိဘူးလား"

"မဟုတ်ပါဘူး၊ တိုင်ပင်စရာရှိလို့ပါ။ သိချင်တာလည်း ရှိလို့ပါ။ မိတ်ဖြစ် ဆွေဖြစ်

mgyoe.com

သဘော ဖိတ်ခဲ့ဖို့ မှာလိုက်ပါတယ်"

"အခုလား..."

"ဟုတ်ပါတယ်"

"ကောင်းပြီ၊ မင်းတို့သွားနှင့်၊ ငါ လိုက်ခဲ့မယ်။ ရွာထိပ်က ခြံကြီးထဲမှာလား"

"ဟုတ်ပါတယ်"

"အေး... သွားတော့၊ ငါလာမယ်"

*

ထမင်းစားပွဲမှာ ကြီးကျယ်လှ၏။

စည်သွတ်ဘူးအမျိုးမျိုးမှ ဟင်းလျာများ ပါဝင်နေသည်။ ပင်တိုင်အဖြစ်တော့ ဝက်သား၊ အူနု၊ အူမကြီး၊ အချင်းတိုင်၊ လျှာတို့ကို အမျိုးမျိုး ပြင်ဆင်ချက်ပြုတ်ထား၏။

တံဆိပ်အနက် ဝီစကီနှစ်လုံး ဖောက်ထား၏။

ပန်းကန်ခွက်ယောက်၊ ဇွန်းခက်ရင်း၊ ဖန်ခွက်အားလုံးမှာ တန်ဖိုးကြီးသော အကောင်းစားများ ဖြစ်၏။

ဦးလုံမိန်းက ဝီစကီဖန်ခွက်ကို ကိုင်ထား၏။ သူ့ဇနီးဟုဆိုသော ဒေါ်ချိုသက်ထားသည် ငွေခြည်လက်သော အပြာနုရောင် ဝတ်စုံကို ဝတ်ထားသည်။ ဆံပင်ကို နောက်တွင် လိပ်တင်၍ အဝါနုနု သစ်ခွပန်းတစ်ပွင့်ကို ပန်ထား၏။

ဝင်းဝါသော ရင်ညွန့်ပေါ်မှာ... စိန်ဆွဲကြိုးတစ်ကုံး၊ စိန်ဆွဲပြားသည် အလုံးရေ ၃၀ ကျော်ပါသည်။ တဖျတ်ဖျတ် တောက်နေသည်။ အပြာရောင်ဘက်သို့ ရေးရေးလှနေသည်။

ခမ်းနားထည်ဝါသော၊ စားသောက်ဖွယ်အပြင်အဆင်နှင့် ဘယ်လိုမှ မလိုက်ဖက်.သူမှာ နှုတ်ခမ်းမွေးကြီးပင်ဖြစ်သည်။ သားရေဂျာကင် အနက်ရောင်ကြီးတစ်ထည်ကို ဝတ်ထား၏။ လက်မောင်းအောက်ချိုင်းရင်းတွင် စုတ်နေသည်။ ကိုယ်ခန္ဓာကြီးမားတုတ်ခိုင်သည်ဖြစ်၍၊ သားရေဂျာကင်ကြီးကို ဝတ်လိုက်ရာ ပို၍ပင် တုတ်ခိုင်ကြီးမားသွားတော့သည်။

မျက်နှာပေါက်ကလည်း ကြောက်စရာပင်။ တစ်ဖက်ကျဉ်း၊ တစ်ဖက်ကျယ် မျက်လုံးများက သိမ်းငှက်၊ စွန်ရဲများ၏ မျက်လုံးလို တဖျတ်ဖျတ် တောက်လက်နေ၏။

mgyoe.com

ဘာကိုမှ အလွတ်မပေး။ မျက်နှာ၏ ကြောက်မက်ဖွယ်ကောင်းခြင်းကို ထူထူကုပ်ကုပ်နှင့် နွတ်ခမ်းမွေးကြီးက အားဖြည့်ပံ့ပိုးပေးလိုက်၏။

အခြားသူများ ပြုံးပြုံးရယ်ရယ် ရှိသော်လည်း အောင်ဝင်းကြီးသည် မပြုံးမရယ်။ မွေးလာကတည်းက မရယ်တတ်၊ မပြုံးတတ်သူ တစ်ဦးဟုပင် ယူဆလောက်သည်။

ဦးရွှေညိုတ ထမင်းစားပွဲကို လွှမ်းမိုးထားသည်။ လူပုပုသေးသေးညှက်ညှက်ဖြစ်သော်လည်း သြဇာအာဏာ၏ အရိပ်အယောင် ထင်ဟပ်၍ ခံ့ညားနေသည်။ ရှပ်အင်္ကျီ ဆွတ်ဆွတ်ဖြူကို ဝတ်ဆင်ထား၏။ ရေညှိရောင် ယောလုံချည်မှာ ပိုးယောလုံချည်ဖြစ်၏။ စတစ်ကော်လာပြတ် အင်္ကျီပေါ်တွင် ပိုးတိုက်ပုံဆွတ်ဆွတ်ဖြူကို ဝတ်ဆင်ထားသည်။ နှစ်နံစပ်ပတ်လည်အစင်းကလေးများပါသော ပိုးယောလုံချည်ကို ဝတ်ထား၏။ ဝီစကီဖန်ခွက်ကို ဟန်ပါပါကိုင်၍ ဦးလုံမိန်းကို ပြောလိုက်၊ ဒေါ်ချိုသက်ထားကို ပြောလိုက်နှင့် စကားဝိုင်း၊ အစားဝိုင်းကို လွှမ်းမိုးထားသည်။

အောင်ဝင်းကြီးက ထမင်းစားပြီးပြီဟု ပြော၍ ဘာမှမစား။ အရက်တိုက်သော အခါ၌လည်း ထမင်းစားပြီး အရက်မသောက်တတ်ဟု ပြော၍ ဘာမှမသောက်။ ဦးရွှေညိုစိတ်ထဲမှာ သဘောမတွေ့။

သူကျွေးရင်စားမှ၊ သူတိုက်ရင်သောက်မှ၊ သူခိုင်းရင်လုပ်မှ ကြိုက်သော ဉာဉ်ကလေးက ပါနေပြီ။ သို့သော် အလိမ္မာသုံး၍ အပြုံးမပျက် နေလိုက်၏။

နွတ်ခမ်းမွေးကြီးသည် မွေးကတည်းက မပြုံးမရယ်တတ်သူ ဖြစ်သကဲ့သို့၊ ဦးရွှေညိုကလည်း မွေးကတည်းက ပြုံးပြုံးကလေး မွေးလာသူ လူစားမျိုး ဖြစ်ပုံရ၏။

စားသောက်ပြီးကြသည်နှင့် အချိုပွဲသဘောမျိုး တည်ခင်းပြန်သည်။ မုန့်အချိုများ၊ ကော်ဖီ၊ လက်ဖက်သုပ် စသည်တို့နှင့် အစပ်အဟပ် မတည့်သည့်တိုင်အောင် စုံနေအောင် တည်ခင်းသည်။

"နွတ်ခမ်းမွေးကြီးကို ကျုပ် တစ်ခုမေးချင်တယ်ခင်ဗျာ"

ရင်းရင်းနှီးနှီးလေသံဖြစ်၏။

"ကျုပ်ကလည်း ခင်ဗျားကို မေးမလို့ စောင့်နေတာ"

ဦးရွှေညိုသည် လှိုက်လှဲစွာ၊ ဖော်ရွေစွာ ရယ်လိုက်၏။

"ကိုင်း... ခင်ဗျားက ဧည့်သည်ဆိုတော့ ဦးစားပေးပါတယ်ဗျာ။ ဘာမေးစရာများရှိသလဲ... မေးဗျား"

နွတ်ခမ်းမွေးကြီးနှစ်ဖက်ကို လက်ညှိုး၊ လက်မခွ၍ သပ်လိုက်သည်။

mgyoe.com

"ခင်ဗျား ဘာလို့ အခုလို ခမ်းခမ်းနားနား ခေါ်ပြီး ကျွေးမွေးတာလဲ... ခင်ဗျား တပည့် သံခဲတို့လာတုန်းက တိုင်ပင်စရာရှိတယ်ဆိုတာ ပြောသွားတယ်၊ ဘာတိုင်ပင်ချင်တာလဲ..."

"သြော်... ဒီလိုပါ၊ ကျုပ် နည်းနည်းပါးပါး လုပ်ငန်းကလေးတွေ ချဲ့ထွင်မလားလို့ စဉ်းစားမိတယ်။ 'အဲဒါ ဒီမှာ ခင်ဗျားက အနေကြာလာပြီမဟုတ်လား။ အကြံဉာဏ်လေး ဘာလေးလည်း တောင်းချင်တယ်။ လုပ်ငန်းအတွက် လိုအပ်ရင်လည်း အကူအညီတောင်းချင်တယ်။ လုပ်ငန်းလိုက်လို့ အကျိုးကျေးဇူးလည်း ခံစားရမှာပေါ့ဗျာ"

"ဘာလုပ်ငန်းများလဲ..."

"အရောင်းအဝယ်ပေါ့ဗျာ"

"အရောင်းအဝယ်ဆိုရုံနဲ့ မပြီးသေးဘူးလေ၊ အချိုမှုန့်တို့၊ ဘရာစီယာတို့၊ မဲနယ်ထုပ်တို့လောက်တော့ ကျုပ်က စိတ်မဝင်စားသေးဘူး၊ ပြီးတော့... တစ်ခုလည်း ရှိသေးတယ်"

"ပြောပါ နှုတ်ခမ်းမွေးကြီးရယ်...။ ပွင့်ပွင့်လင်းလင်းပဲ ပြောပါ"

"ကျုပ်က ပစ္စည်းဝန် ကျဉ်းကျဉ်း၊ သေးသေးငယ်ငယ် တန်ဖိုးကြီးကြီးဆိုတာမျိုးလောက် တစ်ချီကောင်း၊ နှစ်ချီကောင်း ဘောက်လုပ်ချင်တာပဲ"

"ဟုတ်ပါပြီလေ... ခင်ဗျားအကြောင်းလည်း ကြားဖူးထားပါတယ်။ ဒါပေါ့ ခင်ဗျား လုပ်ရမယ့် လုပ်ငန်းဆိုရင် ဟောဒီက ဦးလုံမိန်းနဲ့ ပူးပေါင်းလုပ်မယ်။ သဘောကတော့ ဗျာ... လုပ်ငန်းရှင်တွေ ပေါင်းစုပြီး ညီညီညွတ်ညွတ် စုပေါင်းလုပ်သွားကြမယ့် သဘောပါပဲ"

အောင်ဝင်းကြီးသည် ကျဉ်းမြောင်းနေသော မျက်လုံးတစ်ဖက်ဖြင့် ခေါင်းကို ငဲ့၍ ကြည့်လိုက်သည်။ သည်နယ်မှာရှိသော စီးပွားရေးလုပ်ငန်းရှင်တွေကို တစ်စတစ်စနှင့် စုစည်းသိမ်းသွင်းပြီး ဝါးမျိုဖို့ကြိုးစားသော ခြေလှမ်းဖြစ်ကြောင်း သဘောပေါက်လိုက်သည်။

သူ သဘောပေါက်သည်ကို ဦးလုံမိန်းတို့၊ ချိုသက်ထားတို့လည်း သဘောပေါက်လိမ့်မည်။

အကျိုးအမြတ်လည်း ရှိမည်။ သြဇာတန်ခိုး ကြီးမားသော ဦးရွှေညို၏ စောင့်ရှောက်မှုကိုလည်း ခံစားရမည်ဆိုလျှင် ဆိုးတော့ မဆိုးလှ။ လူသူအင်အား၊ သြဇာ

mgyoe.com

mgyoe.com SAMPLE BOOK


အင်အားမရှိသော လူစိမ်းလူသစ်များအဖို့ သဘောကျစရာဖြစ်သည်။

နှုတ်ခမ်းမွေးကြီးသည် ခေါင်းကို လေးလေးပင်ပင် ညိတ်၏။ ဦးရွှေညိုအကြောကို သူသိသည်။

ရုပ်ရည်ကြမ်းကြမ်းတမ်းတမ်းနှင့် ဦးနှောက်သိပ်မရှိသော လက်ရုံးရည်သမားဟု ထင်စရာရှိသော်လည်း အောင်ဝင်းကြီးသည် လွန်စွာ ပါးနပ်သည်။

"အင်း... မဆိုးပါဘူး၊ ခင်ဗျားအကြံအစည် တကယ်အလုပ်ဖြစ်တော့ ထပ်စဉ်းစားကြသေးတာပေါ့"

"ဟုတ်တာပေါ့၊ ဟုတ်ပါတယ်။ တကယ်အလုပ်ဖြစ်တော့ ထပ်ပြီး ညှိနှိုင်းကြသေးတာပေါ့"

"အခု လောလောဆယ်တော့... သဘောကတော့ဗျာ၊ ခင်ဗျားနဲ့ ဟောဒီက ဦးလုံမိန်းတို့ကို ကျုပ် အခုလို ထမင်းဖိတ်ကျွေးပြီး မဟာမိတ်ဖွဲ့လိုက်တဲ့ သဘောပါပဲ"

မဟာမိတ်ဆိုသော စကားကို ကြားရ၍ အောင်ဝင်း သဘောကျသွား၏။ မဟာမိတ်ဖွဲ့တာလား၊ သစ္စာတော် ခံခိုင်းတာလား ရွှေညိုရယ်...ဟု သူ့စိတ်ထဲမှာ ရှိနေသည်။

ဦးရွှေညိုသည် ရေနွေးကြမ်းပန်းကန်ကို ကောက်ကိုင်၍ တစ်ငုံမျှတ်သောက်လိုက်သည်။ ပန်းကန်ကို ပြန်ချ၏။

"နောက်တစ်ချက်ကတော့... နေ့လယ်က ဦးလုံမိန်းတို့ဆိုင်ကို လာရမ်းကားသွားတဲ့ ရှားလူဆိုတဲ့ ကောင်ရဲ့ ကိစ္စပါပဲ"

"ရှားလူကိစ္စ... အင်း ဟုတ်တာပေါ့"

အောင်ဝင်းကြီးက စဉ်းစဉ်းစားစား ဖြေသည်။

"ရှားလူဆိုတာ လူသစ်ပဲ၊ နာမည်တော့ လွန်ခဲ့တဲ့ သုံးလေးနှစ်က ကြားဖူးထားတယ်၊ သိပ်ပေါ်ပေါ်ထင်ထင် မဟုတ်ဘူးလို့ ထင်ခဲ့တာ...။ အခု တစ်လနှစ်လအတွင်း သူ တော်တော်ခြေသွက်လာတယ်။ နှုတ်ခမ်းမွေးကြီး သူ့ကို ကောင်းကောင်းသိမှာပေါ့..."

သိသလားဟု မေးခြင်းမဟုတ်။ သိမှာပေါ့ဆိုသော စကားက သိနေသည်ကို အတည်ပြုထားပြီး ဖြစ်သောစကား။

"အင်း... သိတယ် ခေါ်ရမှာပေါ့၊ သူနဲ့ ကျုပ်နဲ့ တစ်ခါ နှစ်ခါ ဆုံဖူးပါတယ်"

"အတူတူတွဲ လုပ်ဖူးကိုင်ဖူးတာလား"

mgyoe.com

"မဟုတ်ဘူး၊ လမ်းကြောင်းချင်းဆုံလို့ ဖြတ်မိတဲ့သဘောပေါ့"

"သူ့အကြောင်း ပြောပြစမ်းပါဦးလေ"

တစ်ချိန်လုံး အရက်ခွက်ကိုင်၍နေသော ဦးလုံမိန်းက ဝင်ပြောသည်။

သူတို့ဆိုင်ကို နေရာပြောင်းရွှေ့ခိုင်းသည်ကစ၍ ရှားလူဆိုသူ၏ ပြဿနာ ပေါ်လာခြင်းဖြစ်သည်။ ရှားလူကို တုံ့ပြန်ဖို့ရာမှာ ဦးရွှေညိုလို ပုဂ္ဂိုလ်မှ တတ်စွမ်းနိုင်လိမ့်မည်။ ဦးလုံမိန်းသည် ဦးရွှေညိုကို အားကိုးရမည်သာဖြစ်သည်။ သို့သော် ဟန်ကိုယ့်ဖို့ ပါးပါးနပ်နပ်ရှိဖို့ လို၏။

"ကျုပ်နဲ့ ပထမတွေ့တုန်းက မိုင်းယောင်းမှာပဲ၊ ကျိုင်းတုံဘက်က မိုင်းယောင်း မဟုတ်ဘူး၊ တာချီလိတ် အောက်ဘက်က မိုင်းယောင်းမှာ။ အဲဒီမှာ တစ်ခါ... နောက်တစ်ခါကတော့ ပွန်ပါကျင်မှာ၊ နှစ်ခါစလုံး အပြေးအလွှားပဲ။ နောက်က တစ်ပြုံကြီး လိုက်နေတာချည်းပဲ။ တစ်ခုခုကို ဖြတ်လုပြီး ပြေးတာပဲလို့ ထင်တယ်"

ဘာမှ ဝင်မပြောကြ။ အောင်ဝင်းကြီး ပြောသမျှကို စိတ်အားထက်သန်စွာဖြင့် နားစိုက်နေကြသည်။

"ဒုတိယအချီ ပွန်ပါကျင်မြို့ကလေးမှာတုန်းက အပြင်ကို ထွက်ပြေးသွားတယ်လို့ သိရတယ်။ လေးငါးရက်လောက်ကြာတော့ သူ့ကို ချင်းရယ်မှာ တွေ့ခဲ့တယ်လို့ သိရတယ်၊ ထူးခြားတာ တစ်ခုကတော့ တစ်နေရာက တစ်နေရာကို ကူးတာ သိပ်မြန်တယ်၊ အံ့သြလောက်အောင်ပဲ။ ဒီနေ့ ဒီနေရာမှာ တွေ့တယ်၊ နောက်နေ့ အဝေးကြီး တစ်နေရာမှာ တွေ့ရရော၊ နောက်ပြီးတော့"

အောင်ဝင်းကြီးသည် စကားဆက်တိုက်ပြောရာမှ ရပ်လိုက်၏။ ဦးရွှေညိုကို တစ်ချက်ကြည့်၍ ဆက်ပြောသည်။

"သူ လုပ်ရှားတာ အဖော်မပါဘူး၊ တစ်ယောက်တည်းပဲပေါ့။ ဒါပေမဲ့ သူ့နောက်မှာ ကျောထောက်နောက်ခံ တောင့်တောင့်တင်းတင်း ရှိခဲ့မယ်ဆိုတာ ကျုပ်တော့ သေချာပေါက် တွက်မိတယ်။ တစ်ယောက်တည်းသမားဟာ ဘယ်လောက် တော်တယ်ပြောပြော ဒါလောက်မရမ်းကားဘူး၊ သူက ရမ်းကို ရမ်းကားတာ"

"ဟုတ်တယ်၊ ကျုပ်ဆိုင်ကို ဒီနေ့လုပ်သွားတာ ကြည့်ပါလား"

ဦးလုံမိန်းက ဝင်ပြော၏။

"သူ ဘာ အဓိကထား လုပ်သလဲ"

"ကျုပ် သိတာတော့ နှစ်ကြိမ်စလုံး ရွှေလုပ်တာပဲ၊ အဲ... လုပ်တယ်ဆိုတဲ့ နေရာ

mgyoe.com

mgyoe.com SAMPLE BOOK


မှာတော့ ပြောစရာရှိတယ်”

“ဘာပြောစရာလဲ”

ဦးရွှေညိုက ဆက်၍မေး၏။

“သွင်းတာ၊ ထုတ်တာ၊ သယ်တာ၊ ဝယ်တာ မဟုတ်ဘူး၊ ဖြတ်လုတာ”

“အင်း... တယ်လာတဲ့ ကောင်ပါလား၊ ဘယ်သူတွေဆီက ဖြတ်လုတာလဲ၊ ဘယ်သူထိသွားသေးလဲ”

“ခင်ဗျား သိမှာပါ၊ တာချီလိတ်က ဦးထွန်းဆိုင်”

“အင်း... သိတယ်၊ ဆိုပါဦး”

“နောက်တစ်ယောက်ကတော့ ကျိုင်းတုံက ဦးချင်ဝှက်”

“အင်း... သိတယ်၊ နှစ်ယောက်စလုံး အဓိပတိတွေပါလား”

“ဒါကြောင့် ဒီကောင်လေးဟာ သိပ်မသေးဘူး၊ ပေါ့ပေါ့ဆဆ သဘောထားလို့ မရဘူးဆိုတာ ကျုပ်ပြောချင်တယ်”

“အင်းပေါ့... အင်းပေါ့၊ ခင်ဗျားနဲ့ မန်ကလူမှာ ချိန်းထားတဲ့ကိစ္စ ဘာလဲလို့ ထင်မိသလဲ”

“အတိအကျတော့ ပြောမသွားဘူး၊ ကျုပ်ကို အလုပ်တစ်ခု အပ်ချင်တယ်၊ အလုပ်တစ်ခု အတူလုပ်ရမယ်လို့ပဲ ပြောသွားတယ်”

“သွားတွေ့ပြီးရင်တော့ ကျုပ်ကို အသိပေးပါဦး၊ တိုင်တိုင်ပင်ပင်ပေါ့”

“ကောင်းပြီလေ၊ ကျုပ်နဲ့တွေ့ပြီးရင် ခင်ဗျားကို အကြောင်းကြားမယ်”

“ဦးလုံမိန်းနဲ့ မနက်ဖြန် ချိန်းထားတာရှိတယ်၊ ကျုပ်သဘော ပြောရရင်တော့ ဦးလုံမိန်းရယ်၊ အလိုက်သင့် အချိုသတ်ပြီး နေရာရွှေ့ပေးလိုက်ပါ။ ဒါမှ သူဘာဆက်လုပ်မယ်၊ ဘာကြောင့် ဒီနေရာကို ရွှေ့ခိုင်းတယ်ဆိုတာ ပေါ်လာမယ်မဟုတ်လား”

“ဟုတ်ပါတယ်၊ ကျုပ်လည်း ဒီသဘောအတိုင်းပါပဲဗျာ”

“ကဲ... အချိန်နည်းနည်းလင့်သွားပြီ။ ခင်ဗျားတို့လည်း ညောင်းကြရော့မယ်။ ကျုပ်ထပ်ပြီး ပြောချင်တာကတော့ ကျုပ်တို့က မဟာမိတ်တွေ ဖြစ်ကြပြီ၊ ရှေ့ဆက် တိုင်တိုင်ပင်ပင် စုစုစည်းစည်း လုပ်ကြဖို့ပါပဲ”

“ကောင်းပါပြီဗျာ”

“ကောင်းပြီလေ”

“လူစုခွဲကြစို့၊ နှုတ်ခမ်းမွေးကြီး ခင်ဗျား... ဘာမှမသောက်တာတော့ ကျုပ်

mgyoe.com

မကျေနပ်နိုင်သေးဘူး၊ နောက်တစ်ခါကျရင်တော့ ဒီလိုမလုပ်ပါနဲ့ဗျာ”

“နောက်တစ်ခါပေါ့ဗျာ...”

ဦးရွှေညိုသည် လွန်စွာ အားရကျေနပ်သော အမူအရာ၊ လွန်စွာ ရင်းနှီးခင်မင်သော အမူအရာ၊ လှိုက်လှိုက်လှဲလှဲရှိသော လေသံဟန်ပန်တို့ကို ဆောင်ထား၏။

မဟာမိတ်အဖွဲ့တစ်ခုကို သက်သက်သာသာ လွယ်လွယ်ကူကူ ဖွဲ့စည်းပြီးသွားပေပြီ။

ဦးရွှေညို ကျေနပ်၏။

*

ဤလမ်းသည် ရှေးယခင်ခေတ်ကထက် များစွာကောင်းနေပြီ။ တောင်နိမ့်-တောင်မြင့် အသွယ်သွယ်ကိုဖြတ်၍၊ ချောင်းအတန်တန်ကို ကူး၍ ဂျစ်ကားကလေး တစ်စီးသည် မိုင်းမောမြို့ကလေးမှ ထွက်ခွာလာ၏။

မိုင်းမောမှ မန်ကလူရွာသို့ သွားသော လမ်းသည် သိပ်မကောင်းလှ။ ဂျစ်ကားလို အကြမ်းခံ တောင့်တင်းသော ကားကလေးပင် တစ်စစီ ပြုတ်ထွက်သွားရတော့မည့်အလား အောက်မေ့ရ၏။

မိုင်းမောနှင့် မန်ကလူ တိုက်ရိုက်မျဉ်းကြောင်း ဆွဲသလို၊ အကွာအဝေးမှာ ၁၀ မိုင်မပြည့်တတ်။ သို့သော်... ကွေ့ပတ်သွားရ၍ စုစုပေါင်း လမ်းအရှည်မှာ ၁၃ မိုင် ကျော်သည်။

ဂျစ်ကားပေါ်မှာ အဝတ်အစား စုတ်စုတ်နွမ်းနွမ်း ရှမ်းအဘိုးကြီးတစ်ယောက်နှင့် ဂျစ်ကားမောင်းလာသူတစ်ယောက်၊ ပေါင်းနှစ်ယောက်ဖြစ်သည်။

ဂျစ်ကားမောင်းလာသူမှာ... ရှားလူဖြစ်သည်။

မီးခိုးရောင်ဘောင်းဘီနှင့် မီးခိုးရောင်ဂျာကင်နှင့် မျက်မှန်အပြာ အကြည်တပ်ထား၏။

တစ်ချိန်လုံး စကားမပြောကြ။ ရှားလူက ကားကို ဂရုတစိုက် မောင်းနေသည်။ ရှမ်းအဘိုးကြီးက ကွမ်းထုပ်ထဲမှ ကွမ်းယာကို တစ်ယာပြီးတစ်ယာ အဆက်မပြတ် ထုတ်၍ ဝါးနေသည်။

မန်ကလူသို့အဝင် နှစ်ဖာလုံလောက်အလိုမှာ... ဂျစ်ကားအရှိန်နှေးသွား၏။

ရှမ်းအဘိုးကြီးသည် လွယ်အိတ်စုတ်တစ်လုံး ပခုံးပေါ်ပစ်တင်၍ ဂျစ်ကားပေါ်က

mgyoe.com

mgyoe.com SAMPLE BOOK

ခုန်ဆင်းသွား၏။ ဂျစ်ကားဂီယာပြောင်း၍ အရှိန်နှင့် ဆက်မောင်းသွားသည်။ အဘိုးကြီး လမ်းဘေးမှာမရှိတော့။ တောအုပ်အတွင်းမှာ အရိပ်တစ်ခုလို ပျောက်ကွယ်သွားသည်။

ရှားလူသည် မှန်ကလူရွာထိပ်က အရက်ဆိုင်သို့ ဦးတည်လာခဲ့သည်။

*

အရက်ဆိုင်ထဲမှာ လူနှစ်ယောက်မျှသာ ရှိ၏။

ထောင့်စားပွဲတွင် ရုပ်ဖျက်၍ ဘယ်လိုမှ မရနိုင်သော ခေါင်းပြောင်ပြောင်၊ နှုတ်ခမ်းမွေးကားကားနှင့် အောင်ဝင်းကြီး ထိုင်နေ၏။

စားပွဲပေါ်မှာ ကျားမီးတောက်တစ်လုံး ကုန်နေပြီ၊ နောက်တစ်လုံး ဖွင့် ၂၀ ရှိသေး၏။ ဝက်ပေါင်ခြောက်ကြော် တစ်ပန်းကန်၊ မုန်ညင်းချဉ် ဇလုံလည်း ရှိ၏။ ဆေးများ ကွာနေသော ကြွေရည်သုတ် ရေချိုင့်တစ်ချိုင့်လည်း ရှိ၏။

"တစ်လုံးတောင် ကုန်ပြီလားဗျ..."

"အင်း..."

ရှားလူသည် အပေါက်ဝသို့ မျက်နှာပြု၍ ဆိုင်တွင်းဘက်သို့လည်း တစ်ချိန်တည်း မြင်သာလောက်သော နေရာခုံတွင် ဝင်ထိုင်လိုက်၏။

စားပွဲပေါ်မှာ အဆင်သင့် မှောက်ထားသော ဖန်ခွက်ကို လှန်၏။ ကျားတံဆိပ် လက်ဟောင်း အရက်ပုလင်းကြီးကို မ,ထောင်ကြည့်၏။ လက်သုံးလုံးခန့်ထည့်သည်။ တစ်ရှိန်ထိုး မော့ချလိုက်သည်။ မုန်ညင်းချဉ်တစ်ဖတ်ကို တူဖြင့်ညှပ်၍ ပါးစပ်ထဲသို့ ကပျာကယာ ပစ်ထည့်လိုက်သည်။

"ကျားမီးတောက်တွေကလည်း သိပ်မကောင်းတော့ပါလား"

"ရရာပေါ့ကွာ..."

"ပန်ဝိုင်းက... ဦးဆန်ဖေး သိလား..."

"ဆန်ဖေး..."

"ဟုတ်တယ်..."

"ငါ မကြားဖူးပါလား၊ ဒီနယ်တွေဟာ ငါ့နယ်ပဲ။ ဆန်ဖေး ဆိုတာတော့ မကြားဖူးဘူး။ ဆန်ပေါများ ဖြစ်ရဲ့မလား"

"ဘယ်ကြားဖူးမလဲ၊ သူ့နာမည်က ဦးစံဖေပဲ၊ ဗမာစစ်စစ်။ အဲဒီမှာ အနေကြာပြီ။ ဆန်ဖေးဆိုတာ... ဆေးဖန်ပေါ့ဗျ၊ ခင်ဗျားကလည်း အလိုက်တာ"

mgyoe.com

အောင်ဝင်းကြီး မျက်နှာရှုံ့သွားသည်။ ရယ်လိုက်သလား၊ ပြုံးလိုက်သလား မသိ။ သဘောကျသွားသော မျက်နှာကြီးမှာ ပို၍ ကြောက်စရာကောင်းသည်။

"စံဖေတော့ သိတာပေါ့ကွ"

"အဲဒီ ဦးစံဖေဆီမှာ ပစ္စည်းကောင်းကောင်း ရှိတယ်"

"ဘယ်လောက်များလို့လဲကွ..."

"ဆယ့်ငါးသိန်း၊ သိန်းနှစ်ဆယ်ကြားမှာ ရှိမယ်"

"အင်း... မဆိုးပါဘူး..."

"အဲဒါ လပြည့်ကျော်တစ်ရက်နေ့မှာ ပန်ဝိုင်းက မုန်းနောင်ကို ပို့လိမ့်မယ်၊ တောလမ်းက ပို့မယ်၊ အဲဒါ မိုင်းယောအဝင် မော်တော်ကားလမ်းက ခင်ဗျားနဲ့ ကျွန်တော် ဖြတ်လုမယ်"

"အင်း..."

"ပြီးရင်... အဲဒီပစ္စည်းကို လူတစ်ယောက်လက် လွှဲပေးရမယ်..."

"အင်း..."

"ခင်ဗျားကို ငွေ နှစ်သိန်းပေးမယ်"

"မနည်းဘူးလား..."

"မနည်းဘူး... သည့်ထက်လည်း ပိုမပေးနိုင်ဘူး"

"လုပ်ရမှာက မင်းနဲ့ငါ နှစ်ယောက်တည်းလား"

"အင်း... ဟုတ်တယ်၊ အစစ ကျွန်တော် စီစဉ်ရမှာပဲ။ ကားလမ်းမှာ ဖြတ်လုတုန်းက နည်းနည်းပါးပါး သွေးပူလေ့ကျင့်ခန်းလေး ဘာလေး လုပ်ရမယ်ပေါ့။ ခင်ဗျားအဖို့ ဒါလောက်ပဲ။ သဘောတူရင် ငွေ နှစ်သိန်းရမယ်"

"မင်းပြောတာကတော့ မင်းနဲ့ငါ ပူးပေါင်းဖို့ သဘောတူရုံသက်သက် နှစ်သိန်းပေးမယ်ဆို"

"ဒါက တခြားပဲ။ စရန်နှစ်သိန်းဆိုတာက ဦးရွှေညို လုပ်ငန်းတွေကို ဖျက်ဆီးဖို့ လုပ်တဲ့ လုပ်ငန်းအတွက် ပြောတာ။ အခုဟာက သတ်သတ်"

"ကောင်းပြီ သဘောတူတယ်၊ ဘယ်မလဲငွေ"

"ရမယ်... ဒီကပြန်ရင် ခင်ဗျားနေရာကို ရှမ်းအဘိုးကြီးတစ်ယောက် လာပေးလိမ့်မယ်။ လူမမှားစေနဲ့၊ အောင်ချင်းလို့ စကားဝှက် ပြောလိမ့်မယ်၊ ခင်ဗျား မေးချင်ရာမေး"

mgyoe.com

mgyoe.com SAMPLE BOOK

"အေး..."

"ဦးရွှေညိုကို ကျုပ်အကြောင်း ဘာတွေပြောလိုက်သလဲ"

အောင်ဝင်းက ထမင်းစားပွဲတွင် ဦးရွှေညို ပြောပြသော အကြောင်းတွေ အကုန် ပြန်ပြောပြလိုက်၏။ ဦးရွှေညို၏ အကြံအစည်ကိုလည်း ပြောပြ၏။

"ခင်ဗျား မဆိုးဘူး၊ ကျုပ်အကြောင်း အတော်သိသားပဲ။ အဲဒါတွေ အမှန်တွေ ချည်းပဲ"

"ဒီသံလွင်မြစ် အရှေ့ဘက်ခြမ်းမှာ ဖြစ်ပျက်သမျှ မင်းတစ်ယောက်တည်းပဲ သိတယ်မှတ်နေသလား"

ရှားလူ ရယ်မောလိုက်၏။

ဆိုင်ထဲသို့ လူနှစ်ယောက် ဝင်လာသည်။

"နှုတ်ခမ်းမွေးကြီး၊ ခင်ဗျား ဝင်မပါနဲ့ အသာနေ"

တိုးတိုးပြော၏။

ဝင်လာသူ နှစ်ယောက်မှာ အဝတ်အစား ခပ်နွမ်းနွမ်းဖြစ်၏။

ထမ်းပိုးတစ်ခုနှင့် တောင်းနှစ်လုံးစီပါ၏။ အထမ်းနှင့် ဈေးရောင်းသူများ။

စားပွဲလွတ်တွင် ဝင်ထိုင်ကြ၍ ဆိုင်ရှင် အဘိုးကြီးအား လက်နှစ်ချောင်း ထောင်ပြ၏။ အရက်တစ်လုံးနှင့် ဖန်ခွက်နှစ်ခွက် ယူလာချပေး၏။

တစ်ယောက်က အရက်ငှဲ့သည်။

ရှားလူ ထ၍ ခြေတစ်လှမ်းတည်းဖြင့် ထိုစားပွဲသို့ လှမ်းခနဲ ခုန်လိုက်သည်။

မျက်နှာချင်းဆိုင် စိုင်နေသူနှစ်ယောက်ကို ဆံပင်ဆွဲပြီး ခေါင်းချင်းတိုက်လိုက် သည်။ ထက်ခနဲအသံ မြည်သွား၏။ လက်ဝါးစောင်း ဘယ်ညာခုတ်ချလိုက်သည်။

စားပွဲရော... ကုလားထိုင်ရော၊ လူရော၊ အရက်ပုလင်း ဖန်ခွက်များတွေပါ လုံးထွေးပြိုကျသွားသည်။

ရှားလူ လက်ဝါးနှစ်ဖက်ကို ဖုန်မှုန့်ခါသလို ခါ၍ ပြန်လာ၏။ စားပွဲတွင် ပြန်ထိုင်သည်။

အောင်ဝင်းက မျက်တောင်မခတ် ကြည့်နေ၏။

"အဘိုးကြီး... ပိုက်ဆံလာယူ၊ ဟိုပုလင်းဖိုးရယ်၊ ကုလားထိုင်ကျိုးသွားတာ ပြင်ဖို့ရယ်၊ ရော့... ပိုက်ဆံ"

ဆိုင်ရှင်က မသဲမကွဲ ရေရွတ်၍ လာယူ၏။ "ပြန်အမ်းမနေနဲ့... ဒီစားပွဲအတွက်ပါ

mgyoe.com

ယူလိုက်ပါ" ဟု ပြော၍ ရာတန်တစ်ရွက် ထုတ်ပေးသည်။

ဆိုင်ရှင်အဘိုးကြီးက ပါးစပ်မှ တတွတ်တွတ် ရေရွတ်၍ ကျသင့်သည့်ကို တွက်သည်။

"စုံးကျပ်လိုစေး... လယ်"

အားလုံး ၁၀၃ ကျပ်ကျသည်။ သုံးကျပ်လိုသေးသည်ဟု ဆိုင်ရှင်က ပြော၏။ ရှားလူ အော်ရယ်လိုက်သည်။

"အင်း... ခင်ဗျားတို့ ဒါကြောင့် ကြီးပွားကြတာပဲ၊ ရမယ် ရမယ်"

ကျပ်တန် အသစ်ကလေးသုံးရွက် ထုတ်၍ပေးသည်။

"ကဲ... ကျုပ်သွားမယ်၊ ဦးရွှေညိုနဲ့ တွေ့ရင် သူ့လူနှစ်ယောက်ကို ကျုပ် ဆုံးမလိုက်တဲ့အကြောင်း ပြောပါ။ ပြီးတော့ အခုတွေ့တဲ့ကိစ္စ ခင်ဗျား ဘယ်လိုပြောမယ် စိတ်ကူးသလဲ"

"ရွှေများများဝယ်ချင်တယ်လို့ မင်းက လာကမ်းလှမ်းတယ်လို့ပြောမယ် စိတ်ကူးထားတယ်"

"ကောင်းတယ်... ခင်ဗျား သင့်တယ်ထင်သလိုသာ ပြော"

"ဦးလုံမိန်းနဲ့ မင်းကိစ္စပြတ်ပြီနော်"

"အင်းလေ... သူတို့ ငွေလက်ခံပြီး သဘောတူလိုက်ပြီ"

"ဦးရွှေညိုက လက်ခံဖို့ ပြောတယ်မဟုတ်လား"

"အေး... ဟုတ်တယ်။ ငါ တစ်ခု မေးချင်သေးတယ်"

"ဘာလဲ..."

"မင်းက ငါ့ကို ဘာလို့ ယုံကြည်စိတ်ချထားတာလဲ"

ရှားလူ ထိုင်ရာမှထသည်။ အင်္ကျီကို ဆွဲဆန့်သည်။

"ခင်ဗျား ကျုပ်ကို ပတ်သွားရင် ခင်ဗျားကို ကျုပ် အချိန်မရွေး အသေသတ်နိုင်တဲ့ အရည်အချင်း ရှိလို့ပဲပေါ့"

"ဟား... ဟား... ဟား... ဟား"

ရယ်သံနှင့် ဘယ်လိုမှမတူသော အသံထွက်ပေါ်လာ၏။

ရှားလူ လှည့်မကြည့်ဘဲ ထွက်သွားသည်။

အောင်ဝင်းသည် အရက်တစ်ခွက် ငှဲ့လိုက်သည်။

*

m.gyoe.com

mgyoe.com SAMPLE BOOK

ချောင်းအတက်မှာ...

ဒိုင်းခနဲ သေနတ်သံတစ်ချက်။ ရှေ့ဘီး ခါထွက်သွား၏။ ရှားလူ လက်ကိုင်ဘီးကို အနိုင်နိုင်ထိန်းကာ လမ်းဘေးသို့ ထိုးချလိုက်သည်။ ကားအရှိန်မသေခင်မှာ ဝမ်းလျားထိုး ထွက်လိုက်သည်။

မြေပေါ်အရောက်လိမ့်၍ သစ်ပင်တွေနောက်မှာ ပျောက်ကွယ်သွားသည်။

သူ့အနားမှာ ကျည်ဆန်တွေ တဖောင်းဖောင်း ကျလာသည်။

ကားပေါ်မှာကတည်းက အသေပစ်ရမည်။ ကားဘီးကို ပစ်ခြင်းမှာ မသေစေလိုသောကြောင့်လား၊ ညံ့ကိုညံ့တာလား။

ရှားလူသည် ပစ္စတိုကို လက်ဖြင့် ဆ၍၊ ဆ၍ စောင့်နေသည်။

လူနှစ်ယောက်... ကုပ်ချောင်းချောင်းနှင့် တစ်ဖက်က တောစပ်ထဲမှ ထွက်လာသည်။ ရှားလူ ခေါင်းထောင်ကြည့်၍ စောင့်လိုက်သည်။

ကားလမ်းဖြတ်အကူး။

သူ့ပစ္စတိုကို ပင့်၍ချိန်...

သူမပစ်ရသေးခင် စက္ကန့်ပိုင်းလေးအတွင်း...

ဖောင်း... ဖောင်း...

လူနှစ်ယောက် မြောက်တက်သွားသည်။

သစ်ပင်ကွယ်မှ ရှမ်းအဘိုးကြီး ထွက်လာသည်။ ရှားလူ ပြုံးလိုက်သည်။

ရှေ့တစ်ဖာလုံလောက်မှာ အဘိုးကြီးနှင့် ချိန်းထားသည်။ မိုင်တိုင် ၉၈ မှာ... လမ်းက ဖြတ်လိုက်မည်ဟု ချိန်းခဲ့၏။

အဘိုးကြီးသည် သူ့ကို ချောင်းလုပ်ကြံမည့်သူတွေကို တွေ့၍ နောက်ယောင်ခံလိုက်လာခြင်းဖြစ်သည်။

ကွမ်းဖတ်များကို လမ်းပေါ်သို့ ထွေးလိုက်၏။

ရှားလူ ထွက်ခဲ့သည်။

ကိုယ်မှာ ကပ်နေသော သစ်ရွက်ခြောက်များကို ခါချ၏။ ဘာမှမပြော၊ ဂျိုက်နှင့် စပယ်ယာဘီးကိုယူ၏။ ရှမ်းအဘိုးကြီးက ရှေ့ဘီးဝက်အူများကို စပန်နာတစ်ချောင်းနှင့် လှည့်ဖြုတ်နေသည်။

လမ်းပေါ်မှာ လူနှစ်ယောက်။

ဒေဝမာန်၏ ရန်ကြွင်းရန်စ။

*

mgyoe.com

ချိုသက်ထားသည် ငွေရောင်တံစဉ်းကလေးဖြင့် လက်သည်းချွန်ချွန်များကို ညှိနေ၏။

ပန်းနုရောင်ပေါ်မှာ ငွေရောင်လက်သော လက်သည်းဆိုးဆေးသည် တောထဲ၊ တောင်ထဲမှာ ဝယ်သော ဆေးဟုတ်သည်မထင်။ ရန်ကုန်၊ မန္တလေး မြို့ကြီးတွေမှာပင် လမ်းဘေးကုန်စုံဆိုင်မှာ ဝယ်ယူ၍ရမည်မဟုတ်။ တန်ဖိုးကြီးသော လက်သည်း ဆိုးဆေးများ ဖြစ်ဟန်တူ၏။

"ဦးကြီး..."

ဦးလုံမိန်းကို မကြည့်ဘဲ သူ့လက်သည်းတွေ ကြည့်ရင်း ခေါ်လိုက်သည်။

"ဘာလဲ... တူမ"

"ရှားလူဟာ ဦးရွှေညိုကို ယှဉ်လို့ရနိုင်ပါ့မလား... ဖြစ်ပါ့မလား၊ ဟင်..."

"မပြောတတ်ဘူးလေ"

"သူ့အကြောင်း ကျွန်မတို့ ဒီထက်ပိုမသိရဘူးလား..."

"သိရမှာပလေ..."

"ဦးရွှေညိုကိုယ်တိုင် ဣန္ဒြေဆောင်ထားပေမဲ့ ရှားလူကို နည်းနည်းလန့်နေပုံရတယ်"

"ထင်လို့ပါ တူမရယ်၊ သူတစ်ယောက်တည်း ဘယ်လောက်စွမ်းနိုင်မလဲလို့၊ သူရဲကောင်းခေတ်မှ မဟုတ်တော့တာပဲ..."

"ဒါပေမဲ့ မနေ့က သတင်းအတိုင်းဆိုရင် သူရဲကောင်းပဲ ဦးကြီးရ။ သူတစ်ယောက်တည်းနဲ့ လားသမား ၁၂ ယောက်ကို ဆော်ပြီး... ပစ္စည်းတွေ ဖြတ်လုသွားတာ မလွယ်ဘူးနော်"

"ငါ့တူမက သူ့ကို အထင်ကြီးနေတာလား၊ သူတစ်ယောက်တည်း မဟုတ်ပါဘူးကွယ်"

ချိုသက်ထားသည် တံစဉ်းငယ်ကလေးကို အိတ်ငယ်အတွင်းသို့ ထည့်လိုက်၏။

"ဘယ်သူပါလို့လဲ..."

"တို့မိတ်ဆွေကြီး နှုတ်ခမ်းမွေးလေ"

"ဟုတ်လား... အောင်ဝင်း ပါတယ်လား..."

"အင်းပေါ့ကွဲ့၊ သူနဲ့ နှုတ်ခမ်းမွေးကြီး နှစ်ယောက်ပေါင်း ဆော်ကြတာပဲ။ စံဖေတော့ ဆယ့်ငါးသိန်းကျော်ဖိုးလောက် ထိသွားတာပေါ့ကွယ်"

mgyoe.com

"အောင်ဝင်းပါတယ်... ဒါဖြင့် သူက ရှားလူနဲ့ ပေါင်းတာပေါ့။ ရှားလူဘက် သားပေါ့၊ ဒါကို ဦးရွှေညို မသိဘူးလား၊ သူသိရင် ဘာပြောမလဲ..."

"သိတယ်လေ... မန်ကလူမှာ ဒင်းတို့နှစ်ယောက် တွေ့တယ်၊ ဦးရွှေညိုက သူ့လူ နှစ်ယောက် ရုပ်ဖျက်ပြီး လွှတ်လိုက်တယ်။ ရှားလူက သိလို့ ဆိုင်ထဲမှာတင် ဘာမပြော ညာမပြော တွယ်ထည့်လိုက်တာပဲ... အဲဒါတွေကို အောင်ဝင်းကြီးက ဦးရွှေညိုကို အကုန်ပြန်ပြောပြတယ်ကွဲ့"

"ဩော်... ဒီလိုလား၊ အောင်ဝင်းက ရှားလူကို တစ်ပတ်ရိုက်တာပေါ့၊ ပူးပေါင်း ချင်ယောင်ဆောင်ပြီး ဦးရွှေညိုကို အကုန်ပြန်ပြောပြတာပေါ့။ အင်းလေ... သူတို့ နှစ်ယောက်တည်း စာရင်းရှင်းကြဦးမှာပေါ့"

"ဒီလိုလည်း မပြောနိုင်သေးဘူး၊ အောင်ဝင်းရော၊ ရှားလူရော အင်မတန်လည် တဲ့ကောင်တွေ၊ ဘာအကွက်တွေ ရှိမှန်း မသိသေးဘူး..."

"ဘာပဲဖြစ်ဖြစ်လေ... ကျွန်မတို့ကိစ္စ ကျွန်မတို့ လုပ်သွားကြရုံပါပဲ..."

"ဒါပေါ့ တူမရယ်..."

ဦးလုံမိန်းသည် မုတ်ဆိတ်ဖြူကြီးကို လက်ဖြင့်သပ်၍ စဉ်းစားနေသည်။

ချိုသက်ထားသည် လက်ဆည်းဆိုးဆေးများ ခြောက်သွားသည်နှင့် တစ်ထပ် ထပ်၍ဆိုးနေပြန်သည်။

လူကွယ်ရာမှာ ဦးကြီးနှင့်တူမ၊ အများကိုတော့ ဇနီးမောင်နှံဟု ပြောထားသည်။ သည်တော့ သည်တောထဲလာ၍... ရွှေနှင့် ကျောက်မျက်ရတနာများ အလုပ်လုပ်သည်။

သူတို့၏ လှုပ်ရှားချက်များလည်း ပေါ့ပေါ့သေးသေး ဟုတ်ဟန်မတူ။

"ဦးရွှေညိုကတော့ ဦးနှောက်အတော်ကောင်းတဲ့လူပဲလေ။ ဉာဏ်ကြီးရှင်တွေ ဉာဏ်ရည်ချင်း ပြိုင်ကြမှာပေါ့နော် ဦးကြီး"

"အင်းကွဲ့၊ ရွှေညိုကလည်း ဦးနှောက်ကောင်းတယ်၊ ရှားလူကလည်း လူငယ် သလောက် နပ်တယ်။ အောင်ဝင်းဆိုတာကလည်း လူသာ ထူပုံထူပမ်း အင်မတန် လျင်တယ်။ လျင်တယ်လို့ မထင်ရဘူး။ ကြည့်ကောင်းပေါ့ကွယ်။ ဒါပေမဲ့ သူတို့ သုံးယောက်ထက် ပိုလျင်တဲ့သူ ရှိသေးတယ်"

"ဘယ်သူလဲ ဦးကြီး ဟင်"

"မင့်ဦးကြီး လုံမိန်းပေါ့ကွယ် တူမရဲ့"

နှစ်ယောက်သား သဘောကျ၍ ရယ်လိုက်ကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK


ရှားလူသည် အမှောင်ထဲမှာ ကျိတ်၍ ပြုံးလိုက်သည်။ ဦးလုံမိန်းတို့ အိမ်ခေါင်မိုးစွန်းမှ အောက်သို့ ခုန်ဆင်းလိုက်၏။

အောက်က မြေပျော့။ အဝတ်ဖိနပ်နှင့်မို့ အသံမကြားရ။ ခြေကျသော နေရာကို ခြေရာများထင်ကျန်နိုင်၍ ပွတ်ဖျက်ခဲ့သည်။

ရှားလူသည် အမှောင်ထဲမှာ မြွေတစ်ကောင်လို လျှောဝင် ပျောက်ကွယ်သွား၏။

*

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂)

နှုတ်ခမ်းပါးပါးကလေးကို ဖိကိုက်လိုက်သည်။

ဂီယာကို ဒေါသတကြီး လက်ဖနောင့်ဖြင့် ရိုက်ပြောင်းသည်။ လီဗာကို ဖိ၍ ကျော်သည်။

ရှေ့က ကားစုတ်က တမင်တကာ လုပ်နေသလား။ ဖင်ကိုယမ်း၍ နှစ်ချက် လောက် ဟိုတိုးသည်တိုး လုပ်သည်။ ကျော်တက်ခွင့်မပေး၊ ကျော်တက်လို့မရ။

အိဝေ...။ ဒေါသသည် အထွတ်အထိပ်သို့ ရောက်နေတော့သည်။

တစ်လမ်းလုံး ရှေ့က ကာဆီးကာဆီး လုပ်လာသည်။ ပထမတော့ ရိုးရိုးပဲထင် သည်။ နောက်တော့မှ တမင်တကာ လုပ်နေမှန်း သိလာသည်။

ဖီးယက်ကားအနက်ရောင်။ စုတ်ချာချာ...။ ဆေးက ကွာနေသေးသည်။ အချို့ နေရာတွေမှာ ခံဆေးအနီရောင်တွေ ထွက်နေသေး၏။ အီတလီပြည်မှာဆိုလျှင် ကား ဟောင်းပြတိုက်ကတောင် လက်ခံမည် မထင်။

နှစ်ကြိမ်၊ သုံးကြိမ် ကျော်တက်၏၊ တက်လို့မရ။ အမြင်စုတ်ပေမဲ့ စက်က ကောင်းသည်။ သူ့ကားလေးက ဗော်က်(စ်)ဝက်ဂင်ရက်ဘစ်။ ရက်ဘစ်တောင်မှ ပုံစံ ဟောင်းမဟုတ်၊ နောက်ဆုံးပုံစံ။ ဝယ်ထားသည်မှာ မကြာသေး။ သို့သော် သည်ဖီး ယက်စုတ်ကို ကျော်၍မရ။

အိဝေ ဒေါပွလာသည်။

ဖြစ်ချင်ရာဖြစ်ဆိုသော စိတ်က ငယ်ငယ်ကတည်းက ရှိခဲ့သည်။ သည်စိတ်ကို သူ့ဘာသာသူ ဆင်ခြင်မိ၍ ပြုပြင်ခဲ့၏။ ရသင့်သလောက်တော့ ရသည်။ သို့သော်

mgyoe.com

သည်တစ်ခါတော့ မရတော့။

လူဝါးဝတဲ့ကောင်...။

တံတားဖြူကုန်း အဆင်း...။ အင်းလျား လမ်းဆုံမှာ။ စီးပွားရေးတက္ကသိုလ် ကုန်းအတက်။

ရှေ့ကကား အရှိန်နှေးလိုက်သည်နှင့် ဂီယာပြောင်း၍ နောက်က တည့်တည့် ဝင်တိုက်ပစ်လိုက်သည်။

အရှိန်များရင် နှစ်ကားစလုံး လိမ့်ထွက်သွားမည်။ တော်သေးရဲ့... အရှိန်က ကုန်းတက်မို့ မများ။ ရှေ့က ကားကလည်း တမင်နှေး၍ ကာဆီးကာဆီး လုပ်နေခြင်း ဖြစ်၏။

အသံတွေ ဆူညံသွားအောင် ဝုန်းဒိုင်းကျသွား၏။

ထိုင်ခုံခါးပတ်ရှိနေလို့၊ မရှိရင် သူ့ဘာသာ ရှေ့မှန်နှင့် ဝင်ဆောင့်၍ အနည်းဆုံး မျက်ခုံးတော့ စုတ်နိုင်သည်။

တံခါးကို ဆတ်ခနဲ ဖွင့်၍ ဒေါနှင့် မောနှင့် ဆင်းချလာ၏။ ရှေ့ကား တံခါး ဆွဲဖွင့်ပြီး နားရင်းကျင်းပစ်မည်ဟုပင် စိတ်ထဲက ရုတ်တရက် ပေါ်လာသည်။

ဖီးယက်ကား တံခါးဘေးသွား၍ ခါးထောက်ရပ်လိုက်သည်။

ကားထဲက ကိုယ်တော်မှာ စီးကရက်တစ်လိပ်ခဲ၍ မီးညှိနေသည်။ တံခါးဘေး လာရပ်သည်ကို မြင်၏၊ လှည့်မကြည့်။

စီးပွားရေး ဂိတ်ပေါက်မှာ ကျောင်းသားကျောင်းသူတွေ လှမ်းကြည့်နေ၏။ ပါတီရုံးရှေ့က လူအချို့လည်း ကြည့်နေကြသည်။

စီးကရက်ကို အကြာကြီးရှိုက်၍ မီးခိုးငွေ့များ အကြာကြီး ထုတ်နေသေးတော့ သည်။

အိဝေ အသားတွေ တုန်လာသည်။

"ဒီမှာ..."

ဒီမှာ... ဆိုပြီး ဘာဆက်ပြောရမှန်းမသိ။

"ဒီမှာ ရှင် ကားမမောင်းတတ်ဘူးလား"

"ဗျာ..."

တံခါးကို ဖွင့်၏။ ဖီးယက်ကား နိမ့်နိမ့်ကလေးမို့ ခါးကြီးကိုင်း၍ ငုံ့ထွက်လာ၏။

"မောင်းတော့ မောင်းတတ်ပါတယ်ဗျာ၊ နောက်က မမောင်းတတ်တဲ့လူက

mgyoe.com

ဝင်တိုက်တော့ ကျွန်တော့်ကား ရပ်သွားပြီ၊ အဲ... ဆက်မောင်းမရတော့ဘူး။ ခင်ဗျား အလျှင်လိုရင် ကျော်တက်သွားလေ"

"ရှင်... ရှင်... တစ်လမ်းလုံး... တစ်လမ်းလုံး..."

ဒေါသဆိုသည်မှာ လှပသော မိန်းကလေးများကို စကားထစ်စေသည်။

"ဗျာ..."

နံပါတ်ကိုး ကားကြီးတစ်စီး ကျော်တက်သွား၏။

"ဘိုင်စကုတ်ရိုက်နေတယ်ပေ့ှ..."

ကားပေါ်မှ အော်၍ မှတ်ချက်ချသွား၏။

"ရှင်... ရှင်..."

"သြော်...၊ ခင်ဗျားက ဒီကားထဲကကိုး..."

သူ့ကား နောက်မြီးစွန်းကို ဝင်ချိတ်၍ထားသော ဖောက်(စ်)ဝက်ဂင် ကားလေးကိုကြည့်ပြီး ပြော၏။

"စိတ်မဆိုးပါနဲ့ဗျာ၊ ကျွန်တော့်ကားက ကားစုတ်ပါဗျ။ မြန်မြန်မောင်းလို့ မရဘူး"

"ရှင်... ဒါ သက်သက်လူဝါးဝတာ၊ တမင်သက်သက် လုပ်တာ"

"အာ... မဟုတ်ရပါဘူးဗျာ..."

မော်တော်ဆိုင်ကယ် အဖြူတစ်စီး ထိုးရပ်လာ၏။ ဝတ်စုံဖြူ၊ ဦးထုပ်ဖြူနှင့် ယာဉ်ထိန်းရဲကြီးတစ်ယောက် ဆိုင်ကယ်ပေါ်က ဆင်းလာသည်။ မြန်လိုက်သည့် ရဲတွေ။

ဝဝတုတ်တုတ်၊ မျက်နှာဖောင်းဖောင်း သဘောကောင်းပုံရသည့် ရဲကြီးက မျက်မှန်ဝိုင်းကို နဖူးပေါ်လှန်၍ တင်လိုက်၏။

"စောစောစီးစီးကွာ၊ တယ်အလုပ်ရှုပ်တဲ့ ချာတိတ်တွေ"

"သူ... သူ..."

အိဝေက ကလေးတွေလို အရင် ဦးအောင်တိုင်၏။ တိုင်မလို့ သူ... သူနှင့် ဖြစ်နေသည်။

"အေးပါ။ သူလည်း သူပေါ့၊ မင်းကလည်း မင်းပေါ့။ ငါ့တူမရယ်၊ ကဲ... ပေးစမ်း လိုင်စင်"

"သူ ရှေ့က တမင်ကို ဟိုယမ်း ဒီယမ်း လုပ်လို့"

"အေးပါကွာ၊ မျက်မြင်အနေအထားအရတော့ နောက်က တိုက်တဲ့လူက အလွှန်

 mgyoe.com SAMPLE BOOK 

ကွ...၊ ဒါပေမဲ့လည်း ပြီးမှပြောတာပေါ့ကွာ...၊ လိုင်စင်တွေပေးကြ၊ လမ်းပေါ်မှာ ပြဿနာမဖြစ်တာ အကောင်းဆုံးကွဲ့။ ဖြစ်ရင် ငါတို့လည်း အေးအေးမနေရဘူး"

အိဝေက သူ့ကားထဲက စလင်းဗက်ကို ယူ၍ ဖွင့်၏။ အထဲက လိုင်စင်ကလေး ထုတ်ပေးသည်။ ရဲကြီးက ယူ၏။

"ကဲ... ငါ့တူ၊ မင့်လိုင်စင်"

"ကျွန်တော့်မှာ လိုင်စင်မရှိဘူး ခင်ဗျ"

"အဲ... နောက်တစ်မှုတိုးပြီ။ မင်းလိုင်စင်က ဘယ်ရောက်သွားလို့လဲ"

"မနေ့က သိမ်းထားတယ်ဗျ"

"အဲ... ကောင်းကွာ၊ ဘာလို့ သိမ်းတာတုံး"

"တိုက်လို့..."

"အဲ... ကောင်းကွာ၊ နောက်တစ်မှု ချလန်ကော"

"ချလန်လည်း ပါမလာဘူး"

"အဲ... ကောင်းကွာ၊ နောက်တစ်မှု။ စိတ်ညစ်ရပါလားနော်"

ဤသို့နှင့် အိဝေဆိုသော ကောင်မလေးနှင့် စိုးအောင် ကြုံခဲ့၊ ဆုံခဲ့ရလေသည်။

*

နှစ်ပတ် ကြာသွားပြီ...။

အိဝေ ကားကလေး တောင်ငူဆောင်အပေါက်မှ ထွက်သည်နှင့် ဦးချစ်ဆိုင် နောက်ဖေးမှာ ကားရပ်စောင့်နေသော စိုးအောင် ပြုံးလိုက်၏။ ကပျာကယာ စက်နှိုး၍ လိုက်သည်။

အဓိပတိလမ်းထောင့် ရောက်သည်။ အိဝေ ညာချိုး၍ ထွက်သည်။ ဂိတ်ပေါက်ကြီးမှ သူ့ကားလေး ခေါင်းပြူ၍ ထွက်တော့ စိုးအောင် မန္တလေးဆောင် ရှေ့တည့်တည့် ရောက်လာပြီ။

ကမာရွတ်ဘက် ချိုးကွေ့လိုက်သည်။ စိုးအောင် နောက်က လိုက်လာသည်။

မီးပွိုင့်မှာ နီနေသည်။ အိဝေ အရှိန်သတ်၍ ရပ်သည်။ ဘယ်ဘက်ယာဉ်ကြော မှာဖြစ်သည်။ စိုးအောင် အလယ်ကြောမှ ဝင်လာသည်။ အိဝေ၏ ကားဖြူကလေး နှင့် ယှဉ်ရပ်သည်။ ဟွန်းတစ်ချက် နှိပ်လိုက်သည်။ အိဝေ မကြည့်ဘဲ မနေနိုင်၊ ကြည့်မိ သည်။

mgyoe.com

mgyoe.com SAMPLE BOOK


စိုးအောင် ပြုံးပြသည်။

ဟင်း... ဒီဖီးယက်စုတ်နဲ့ကောင် တွေ့ပြန်ပြီ။ ဟင်း... ဘယ်လိုကောင်လဲ မသိဘူး။ ရုပ်ကိုက ပြောင်ချော်ချော်နဲ့၊ ဖီးယက်ကားစုတ်လောက် စီးနိုင်ပေလို့...၊ ဒီထက် ကောင်းတဲ့ကားများ စီးရရင် ဘယ်လိုနေလိုက်မလဲ။

မီးစိမ်း၏။ စိုးအောင် ကပ်၍ ကွေ့ကျော်လာခဲ့သည်။ ပြည်လမ်းမကြီးပေါ်မှာ ယာဉ်အနည်းငယ် ပါးချိန်ဖြစ်သည်။

နောက်ကြည့်မှန်ထဲမှာ ကြည့်လိုက်သည်။ ကားဖြူလေး အတင်းလိုက်လာသည်။ စိုးအောင်၏ ဘယ်ဘက်မှကပ်၍ ကျော်သွားသည်။

"ဩော်... ဂျာမနီကားများ တယ်ကောင်းနော်၊ ဒါပေမဲ့ ငါ့ကားကလည်း ပုံစံ အနှစ်အစိတ်လောက် နောက်ကျနေတဲ့ မော်ဒယ်ပဲ၊ ဒါလောက်တော့ ရပါတယ်"

အသံလွှင့်ရုံရှေ့မှာ ကားဖြူလေးကို ကျော်တက်ခဲ့သည်။ အဝိုင်းနားမှာ ကပ်လိုက်လာ၏။ စိုးအောင် အဝိုင်းနှင့်ကပ်ယူ၍ ဦးဝိစာရဘက် ဝင်ခဲ့သည်။ ကားဖြူလေး ကပ်လိုက်လာသည်။

ဒဂုံ ဘိလပ်ရည်စက်ရှေ့မှာ စိုးအောင် ညာသို့ယူ၍ လီဗာ လျှော့ချလိုက်သည်။ ကားဖြူလေး ခေါင်းမော့လာသည်။ ခေါင်းချင်းယှဉ်လျက် ပြိုင်ပြေးနေသည်။ စိုးအောင် လီဗာဖိ၍နင်းသည်။ ဟွန်းခွေဝိုင်းကို တံတောင်ဆစ်နှင့် ဖိ၍ ဟွန်းအရှည်ကြီး တီးသည်။

စိုးအောင် ကား ခေါင်းတစ်လုံးစာကျော်နေပြီ။ မြေနီကုန်းဈေးရှေ့မှာ စိုးအောင် ကားတစ်စီးလုံး ရှေ့ရောက်သွားသည်။ လက်ပြ၍ ထားခဲ့သည်။

ဝိဇယမီးကို ကပ်ဖြတ်ခဲ့သည်။ မီးဝါသည်နှင့် စိုးအောင် မီးတိုင်ကို လွန်နေပြီ။ ကားဖြူလေး မီးဝါကိုဖြတ်၏။ စိုးအောင် လက်ကို လှုပ်ယမ်းပြလိုက်သည်။

ဦးဝိစာရ အဝိုင်းကျော်သောအခါ ညာသို့ ကွေ့ဝင်ခဲ့သည်။ အကွေ့မှာ လက်တစ်ခါ ပြခဲ့သေး၏။

ကားဖြူလေးသည် ရန်ကုန်ထဲသို့ ဆက်မောင်းသွားသည်။

စိုးအောင် ပြည်လမ်းရောက်သော် ပြန်ကွေ့၍ လာလမ်းအတိုင်း ပြန်လှည့်လာခဲ့သည်။

ဗိုလ်ချုပ်ဈေးသွားတာ ဖြစ်နိုင်သည်။

ကောင်မလေးနောက် သူလိုက်ဦးမည်။

ဗိုလ်ချုပ်ဈေးရောက်တော့ ကားဖြူလေး ရှာမတွေ့။

*

mgyoe.com

ကားကလေးကလည်း လှ၊ လူကလေးကလည်း လှ။

ကားဖြူလေးနဲ့ ချစ်ရသူရယ်...

တောင်ငူဆောင်ရှေ့မှာ ကားဖြူလေး ရပ်ထားသည်။

စိုးအောင် ဒါလောက်တော့ သိတာပေါ့၊ နောက်မှာ မာဇဒါဂျစ်တစ်စီး။ ရှေ့မှာ ကားဖြူလေးကပ်လျက်၊ စိုးအောင်သည် သူ့ဖီးယက်စုတ်ကို ကားဖြူလေးရှေ့က ပိတ်ရပ်လိုက်၏။ တဖြည်းဖြည်းနှင့် ဘက်ဆုတ်လာသည်။ ကားဖြူလေး၏ ဘမ်ပါနှင့်ထိဖို့ တကယ့် လက်လေးလုံးသာ လိုတော့သည်။

ကားပေါ်က ဆင်း၍ ကားသော့ယမ်းကာ ယောင်ပေပေ လုပ်နေသည်။

မာဇဒါဂျစ်မှာ မြန်မာစာဆရာမကြီးတစ်ဦး၏ ကား။ ဆရာမကြီး အစည်းအဝေး ရှိနေသည်။ တစ်ခါတစ်ခါ အစည်းအဝေးလုပ်လျှင် ၃ နာရီလောက် ကြာတတ်သည် ကို သူသိထား၏။ သူ့ကားကို ရပ်ထားလျှင် အလယ်က ကားဖြူလေး ဘယ်နည်းနှင့်မှ ထွက်မရ။ မာဇဒါဂျစ်နှင့်လည်း ကပ်နေသည်။ ဆရာမကြီး ကားမှာလည်း ဒရိုင်ဘာမပါ။ ဆရာမကြီးကိုယ်တိုင် မောင်း၏။ အစည်းအဝေးမပြီးမချင်း ကားဖြူလေး ထွက်ရမည်မဟုတ်။

စိုးအောင် စားသောက်ဆိုင်ထဲရှိ ဆိုင်တစ်ဆိုင်သွား၍ ကားတွေ ကြည့်နေ၏။ သံပရာရည်တစ်ခွက်မှာသည်။

သာမန်ကြည့်လျှင် မာဇဒါဂျစ်ကား အစိမ်းတစ်စီးရှေ့က ရက်ဗ်ဗ်အဖြူတစ်စီး။ ရှေ့က ဆေးကွာ၍ လိမ်ပိန်နေသော ဖီးယက်ကားစုတ်တစ်စီး၊ တန်းစီရပ်ထားသည်။ ဘာမှသိပ်မထူးခြား။ သို့သော် မကြာခင် ထူးခြားလိမ့်မည်ကို စိုးအောင် တွက်ထားသည်။

သံပရာရည့်တစ်ငုံ စုပ်လိုက်သည်။ အမယ်လေး... ငန်လိုက်တာ၊ ဒီအရပ်မှာ ဆားပေါပုံရ၏။

အတန်းတွေ တက်နေချိန်ဖြစ်၍ထင်သည်။

ဆိုင်တန်းမှာ လူသိပ်မရှိ။ ခပ်ပါးပါး ခပ်ကျဲကျဲသာရှိ၏။ စိုးအောင် သံပရာရည် ငန်ငန်ကို ကြိုးစားသောက်ကြည့်သည်။ ဖန်ခွက်တစ်ဝက်မကျိုးခင် သူ လက်လျှော့လိုက်ရသည်။

နေ့လယ်ခင်းမှာ လမင်းသည် တောင်ငူဆောင် သံတံခါးပေါက်မှ ထွက်သည်ဟု ထင်လိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK


အညိုနု အဆင်များပါသော ယိုးဒယားကော်တွန် အင်္ကျီလက်ရှည်ပါးပါး၊ လုံချည်မှာလည်း တစ်ဆင်တည်း။ နည်းနည်းကလေး ဝေးနေ၍ အဆင်ကို အသေး စိတ် မမြင်ရ။ အညိုနုမှန်းတော့ စိုးအောင် သိသည်။ သားရေအညိုနု လက်ပွေ့အိတ် ကြီးကြီးတစ်လုံး။ ကြိုးကို ပခုံးမှာ သိုင်းချိတ်သာ၏။ လက်ထဲမှာ စာအုပ်ထူထူ သုံးလေး အုပ်။

ဘေးနားမှာ သူ့လိုပဲ အဝတ်အစား အဆင်အပြင် ခေတ်မီသော၊ ချောမောလှပ သော၊ သွက်လက်ဖျတ်လတ်သော မိန်းကလေး လေးယောက်။ တစ်ယောက်ချင်း ကြည့်လျှင် အလွန်ခေတ်မီသော မိန်းမချောလေးတွေ ဖြစ်၏။ ဝတ်စားဆင်ယင်ပုံမှာ လည်း သူ့ခေတ်နှင့်သူ လွန်နေသည့်ဘက်ကို ယိမ်း၏။ နာရီလို၊ လက်ကိုင်အိတ်လို အသုံးအဆောင်ပစ္စည်းတွေကလည်း ပထမတန်းစား။

သို့သော်... ယှဉ်လိုက်လျှင် ဘာလိုနေသည် မသိရ။

အိဝေက ထူးခြားနေသည်၊ အိဝေက ပိုလှနေ၏။ လှတာချင်း၊ ချောတာချင်း၊ ခေတ်မီတာချင်း တူတယ်ထား၊ ဘာကြောင့်မှန်းမသိ။ အိဝေက ပိုထူးခြားနေသည်။

ရယ်ရယ်မောမောနှင့် ကားဖြူလေးရှိရာသို့ လာသည်။

အိဝေ မျက်မှောင်ကြုတ်ထား၏။

နောက်က ကားက ပါမောက္ခ၏ကား။

ရှေ့က ကားကို ငါမြင်ဖူးပါတယ်၊ ဖီးယက်... ကားစုတ်၊ ဆေးတွေကွာလို့... ဘမ်ပါဘယ်ဘက်က လိမ်လို့ပိန်လို့၊ သည်နံပါတ်၊ ငါ မှတ်မိပါတယ်။

ဟင်း... ကြည့်စမ်း၊ ဒင်းလို... ကောင်အစုတ်ပလုတ်၊ ငါ ကားနဲ့နောက်က ဝင်တိုက်လိုက်တဲ့ကောင်၊ ပြောင်စပ်စပ်နဲ့ ဟင်း၊ ငါးရှဉ့်နဲ့ ကင်ပွန်းသီး စပ်ကျတဲ့ကောင်။

ဘာလာလုပ်တာပါလိမ့်၊ ငါ့ကားရှေ့က တမင်ပိတ်ရပ်ထားတာကိုး။ ဟုတ် တယ်၊ ငါ့ကားကိုမှတ်မိလို့ တမင်လုပ်တာပဲ ဖြစ်ရမယ်။

"ဟောတော့... ဟော့ကောင်၊ အိဝေမ... နင့်ကားကို ဘယ်လိုထုတ်မလဲ"

"ဟဲ့... ရှေ့က ကားက ဘယ်သူ့ကားလဲ။ ဒရိုင်ဘာ ဘယ်မလဲ ရှာဟာ..."

"ဟော့... တို့တွေ ရပ်ရှင်ကြည့်ပြီးရင် ဘယ်သွားမလဲ..."

"ငါတော့ ဘဲခေါင်းသုပ် စားချင်တယ် ဟာ"

တစ်ယောက်တစ်ပေါက် စွတ်အာနေကြသည်။

အိဝေ မျက်နှာကလေး နီရဲနေသည်။ အံကလေးကြိတ်နေသည်။ သူ့အာသာ

mgyoe.com

သိသည်။ ဒီကောင်စုတ် တမင်သက်သက် လိုက်ရှုပ်တာ။

ဟိုကြည့်သည်ကြည့် ကြည့်၏။ တောင်ပိန္နဲပင် အောက်မှာ ကားနှစ်စီး ရပ်ထားသည်။ ဒရိုင်ဘာ ခပ်ကြီးကြီးနှစ်ယောက်ကတော့ စကားပြောနေကြ၏။

အနီးအနားမှာ မတွေ့ရ။ ဆိုင်တန်းများမှာ ရှိမလား။ အိဝေ မျက်လုံးဝေ့ဝဲ၍ ကြည့်သည်။

တရုတ်ခေါက်ဆွဲဆိုင်နှင့်ကပ်လျက် အအေးဆိုင်မှာ ကိုယ်တော်ချော ဖန်ခွက်တစ်ခွက်နှင့်။

ကားများထားရာဘက်သို့ မကြည့်။ ခပ်လှမ်းလှမ်း အသုပ်ဆိုင်မှာ ထိုင်နေသော ကောင်မလေးတစ်သိုက်ကို လှမ်းငမ်းနေသည်။

အိဝေ သူ့လက်ထဲမှ စာအုပ်ထူကြီး သုံးလေးအုပ်ကို ဘေးနားက ကောင်မလေးကို ပေးလိုက်၏။

"ဟိတ်ကောင်... ခဏယူထားစမ်း..."

"အဲ... ဟဲ့... ပလုတ်တုတ်၊ တောက်တဲ့... ဘယ်လိုလဲ ဟ..."

စာအုပ်အထူကြီး သုံးလေးအုပ် လမ်းပေါ်ကျသွား၏။ 'ကဝိလက္ခဏာဝိသောဓနီ' တဲ့၊ 'သုဗောဓာလင်္ကာရ' မြောင်းမြဆရာတော် 'အလင်္ကာပန်းကုံး' တဲ့...။ 'ဝေါဟာရလီနတ္ထဒီပနီ' တဲ့။ ဘာတွေမှန်းလဲ မသိ။

"အိဝေ နင်ဖတ်လည်းဖတ်တာ မဟုတ်ဘဲနဲ့။ ရှီးပြဖို့ ကိုင်လာတဲ့ စာအုပ်တွေက လေးလိုက်တာ ဟဲ့... ဘယ်လဲ ဟ..."

အိဝေသည် စစ်မြေပြင်မှ ရန်သူရှိရာသို့ ရှေးရှုချီတက်လာသော စစ်သူရဲကောင်းမကလေး၏ ဟန်ပန်သွင်ပြင်နှင့် စိုးအောင်ရှိရာ အအေးဆိုင်သို့ ချီတက်သွား၏။ တကယ့် ဒေါနှင့်မောနှင့်။ ရင်ကလေး စွင့်လို့။

စိုးအောင် ရေခဲရေတစ်ခွက် သောက်နေ၏။

"ဒီမှာ..."

ခါးထောက်လိုက်၏။ ကြော့ကြော့မော့မော့ ရှိလှသည်။ ခေါင်းကို မော့မော့၊ ခါးကို မတ်မတ်ထား၍၊ ရင်ကလေး စွင့်ချီနေသည်။

"ဗျာ..."

ဘာမှ မသိနားမလည်သော တောသား။ တောသားဂနိုင့် ပုံစံမျက်နှာပေးနှင့် စိုးအောင် မော့ကြည့်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဟို ဖီးယက်ကားကို ရှေ့က ပိတ်ရပ်ထားတာ ဘာသဘောလဲ။ ကားထွက်လို့ မရတော့ဘူး၊ ဖယ်ပေးစမ်းပါ"

"ဗျာ... ဘယ်ကားလဲ၊ ဘာလဲ"

"ဟိုမှာ... ဟိုမှာ ရှင့် ဖီးယက်ကားစုတ်ကို ပြောနေတာ။ ကျွန်မကား ထွက်မရလို့ ဖယ်ပေးပါ"

"ကား်အဖြူလေးလား။ အဖြူလေးက ကျွန်တော့်ကား မဟုတ်ပါဘူး။ ကျွန်တော့်ကားက ရှေ့က ကားအနက်ရောင်ပါ"

စိုးအောင် အကြောင်ရိုက်ပစ်လိုက်၏။

"ဒီမှာ အဲဒီကားကို ပြောနေတာပဲ။ ဒီကားအနက်ကို ပြောနေတာ၊ ဖယ်ပေးစမ်းပါလို့"

"ဩော်... ဟုတ်ကဲ့... ဟုတ်ကဲ့"

ကျပ်တန်တစ်ရွက်ထုတ်၍ စားပွဲပေါ်ချ၏။ ကားသော့ကို ကောက်ယူ၍...

"လာလေ သွားကြစို့"

ခါးထောက်၍ထားသော လက်က မဖြုတ်သေး။ ဒေါပွနေသော မျက်နှာကလေးမှာ သိပ်ချစ်စရာကောင်း၏။

"ဆရာမ ဘာသောက်မလဲ ထိုင်လေ"

ဆိုင်နောက်က ဆိုင့်ရှင် မိန်းမကြီးတစ်ယောက်က လှမ်းအော်၏။ ဂုဏ်ထူးတန်းကျောင်းသူတွေ၊ မဟာဝိဇ္ဇာတန်းကျောင်းသူတွေက သူ့တို့ကို ဆရာမလို့ခေါ်ရင် သိပ်သဘောကျသတဲ့။ ဆရာမတွေ ကျပြန်တော့ မမလို့ခေါ်ရင် သိပ်သဘောကျပြန်သတဲ့။

အိဝေ... ဆိုင်ရှင်ခေါ်သည်ကို ဂရုမထား။

စိုးအောင် လှည့်ကြည့် လှည့်ကြည့် ထွက်သွား၏။ နောက်က လိုက်သွားသည်။ လိုက်သွားပြီး ခြေလှမ်း နှေးလိုက်သည်။ တောင်ငူဆောင်ရှေ့မှာ သူ့ သူငယ်ချင်းတွေ ရှိနေသည်။

ဝိုင်းလောင်ကြမည်မှာ သေချာသည်။

သည်လူက ဘယ်ကလဲ၊ နင်နဲ့သိသလား၊ သူ့ကားမှန်း နင် ဘယ်လိုလုပ်သိသလဲ၊ ဘာလာလုပ်တာလဲ... နင့်ကား ရှေ့က ပိတ်ရပ်ထားတာ တမင်ရပ်ထားတာလား၊ ဝိုင်းမေးကြမည်မှာ သေချာသည်။

 mgyoe.com SAMPLE BOOK 

သူ့သူငယ်ချင်း လေးယောက်၏ မျက်လုံးရှစ်လုံးသည် ကားသော့ကို ယမ်း၍ ခပ်သွက်သွက်လာနေသော စိုးအောင်ကိုလည်းကောင်း၊ စိုးအောင် နောက်က မျက်နှာကြီး စူပုပ်၍ အမြန်လိုက်လာတော့မလို၊ ဖြည်းဖြည်းလာတော့မလို ခြေလှမ်းတွေ အူကြောင်ကြောင်ဖြစ်နေသော အိဝေကိုလည်းကောင်း စိုက်ကြည့်နေကြသည်။

စိုးအောင်ကတော့ စတယ်ပဲ...။ ကားတံခါးလေးဖွင့်၊ ကားထဲဝင်၊ သော့ပေါက်မှာ သော့တပ်၍ နှိုးလိုက်သည်။ ရှေ့သို့ ဘီး သုံးလေးလိမ့်စာမျှ ရွေ့သွားပြီး ကားကို စက်သတ်လိုက်သည်။

ကားထဲက ထွက်လာ၏။

"ရပြီမဟုတ်လား မအိဝေ"

"ဟင်..." အိဝေ ဖျတ်ခနဲကြည့်၏။ သူ့နာမည်ကို သိနေ၍ အံ့ဩသွား၏။

"ရပြီ"

ကားတံခါးသော့ ဖွင့်၏။ ကားထဲဝင်၍ စက်နှိုးသည်။

"ဟောတော့..."

"ဟဲ့... နေဦးလေ...။ ငါတို့ကို ပစ်ထားခဲ့တော့မှာလား"

"နင် ဘယ်သွားမလို့လဲ"

"ဟ... ငါ့လက်ထဲက စာအုပ်တွေ ယူဦးလေ"

တစ်ယောက်တစ်ပေါက် ဆူညံသွားကြသည်။

စိုးအောင် သူ့ကားကို မှီ၍ ရပ်နေသည်။

ကားဖြူကလေး လမ်းပေါ် ခေါင်းတင်သည်။ ကောင်မလေး လေးယောက် ကားထဲ အပြေးအလွှား ဝင်ကြ၏။ ကားတံခါးနှစ်ဖက် ဆောင့်ပိတ်ပြီး တစ်ရှိန်ထိုးထွက်သွား၏။

စိုးအောင် သူ့ကားထဲဝင်ပြီး စက်နှိုးလိုက်သည်။

*

"မိဝေ... အဲဒီလူက ဘယ်ကလဲ"

"ငါ ဘယ်သိမလဲ"

"မိဝေ နင်မှန်မှန်ပြော၊ အဲဒီ အကလောင်က ဘယ်က အကလောင်လဲ..."

"နင်မသိဘဲနဲ့ ဘာလို့ အအေးဆိုင်မှာ သွားခေါ်ရတာလဲ"

mgyoe.com

mgyoe.com SAMPLE BOOK


"နင့်ကို ဘာလို့ ရပြီမဟုတ်လား မအိဝေလို့ ပြောရတာလဲ။ နင့်နာမည်ကို ဘာလို့ သိတာလဲ"

အိဝေက ကားကို အံ့ကလေးခဲ၍ မောင်းနေသည်။ ကျန်တဲ့လေးယောက်က တစ်ယောက်တစ်ခွန်း ဝိုင်းမေးကြသည်။

"မမင်းဖြူ မှန်မှန်ပြောဆိုတာ မင်းကွန်းခေါင်းလောင်းကြီးရဲ့ အလေးချိန်တဲ့။ မအိဝေ မှန်မှန်ပြောဆိုတာ ဘာခေါင်းလောင်းကြီးလဲ"

"မိဝေ… နင် တို့တစ်တွေ မသိအောင် ဘာတွေများ ခြေရှုပ်နေလဲဟင်"

"အဲဒီ အကလေချင်က ဂိုက်တော့ ဖြောင့်တယ်။ ဝတ်စားထားတဲ့ အဝတ်အစားတွေကလည်း အကောင်းစားတွေ။ ဘယ်တိုင်းပြည်က ရေနံဆီသူဌေးသားလဲ မသိဘူး"

"အဲဒီကောင်နဲ့ နင်နဲ့ ကောနေတာ ဘယ်လောက်ကြာပြီလဲ။ ကြိုက်ပြီးမှ ကောတာလား၊ မကြိုက်သေးခင် ကြိုက်ကြတော့မလို့ ဟန်ဆောင်ကောနေကြတာလား…"

"ပေါက်ကရလေးဆယ်တွေ ပြောမနေပါနဲ့ဟာ"

"ဘာပေါက်ကရလဲ၊ လက်ဆုပ်လက်ကိုင် မိနေတာတောင်မှ နင်က ဂေါ်ဖီထုပ်လုပ်ချင်သေးတာလား"

"တို့တွေကို အစအဆုံး အစီရင်မခံဘူးလား၊ နက်ဖြန်ခါ နို့တစ်ဘုတ်မှာ စာကပ်မယ်"

ထိုစဉ် စိုးအောင် ကားနက်ကလေး နောက်ကြည့်မှန်မှာ ပေါ်လာသည်။

"တော်ကြစမ်း… ဟိုကောင် အစုတ်ပလုတ် လိုက်လာပြန်ပြီ… တောက်"

အိဝေက တောက်ခေါက်၍ လီဗာကို ဖိနင်းသည်။ စိုးအောင် ကပ်လာ၏။ အရင်ကလည်း သည်နေရာမှာပဲ ကျော်တက်သွားသည်။ မြေနီကုန်းဈေးရှေ့ရောက်သည်နှင့် စိုးအောင် ကပ်ကျော်တက်သွားသည်။

ကားထဲမှ လောင်အဖွဲ့ လေးယောက်စလုံးက "ဟေး…" ဟု ဝိုင်းအော်ကြသည်။

ဝိဇယမှာမီးနီနေသည်။

စိုးအောင် အရှိန်ကို မလျှော့ပါ။ သူ့ကားခေါင်း မျဉ်းဝါပေါ်အရောက်တွင် စိမ်းသွား၏။ ဆက်မောင်းလာသည်။

အိဝေ ကျန်နေရစ်ခဲ့ပြီ။

mgyoe.com

ကားထဲမှ သူငယ်ချင်း လေးယောက်က မတိုင်ပင်ဘဲ လက်ခုပ်တီးကြသည်။

*

"အွိ... အွေ..."

"မင့်ကြီးတော်ကြီး။ အိဝေ... အိရယ်..." "ဝေရယ်..."

"အဲ... အွိ... အဲ အိဝေ။ နေစမ်းပါဦး၊ မောင်စိုးအောင်ရဲ့၊ ခုခေတ် မိန်းကလေးတွေဟာ ဘာလို့ နာမည်ရိုးရိုးတစ်လုံးတည်း မမှည့်ကြတာလဲ။ မခွေးတို့၊ မနီတို့၊ မဖြူတို့ ဆိုတဲ့ နာမည်တွေ မှည့်ရင် တရားစွဲမှာမို့လားကွ... ဟင်"

"ဘယ်သိမလဲကွ"

"ပြီးတော့ နာမည်ကို ရိုးရိုးမှည့်ရင် သူတို့ယောကျ်ားမရမှာမို့လား"

နာမည်နှစ်လုံးထက် ပိုခေါ်လျှင် အမြဲဇောက်တိဇောက်ထိုး ခေါ်တတ်သော အကျင့်က မြတ်သစ် ဖျောက်မရ။ တစ်ခါတစ်ခါ နှစ်လုံးတည်းတောင် ကပ်လွဲတတ်သည်။

"အဲ့ဒီ မင့်ကောင်မလေးက ကမ္ဘာအေးလမ်း၊ ခြံအမှတ် ၁၅၀၀ ဘီမှာနေတယ်"

"အင်း..."

"မြန်မာစာ ဂုဏ်ထူးတန်း နောက်ဆုံးနှစ်၊ ဟုတ်လား"

"အင်း..."

"ဒုတိယနှစ်တုန်းက စက်မှုတက္ကသိုလ်ရလိုက်တာ မသွားဘဲ မြန်မာစာယူထားတာ... ဟုတ်လား"

"ဟာ မင့်ဖေကလွှား၊ ငါ့ကို အမှုစစ်သလို လာစစ်မနေစမ်းပါနဲ့။ အဲဒီဖိုင်တွဲထဲမှာ အကုန်ပါတယ်"

"အေး... ဟုတ်ပါပြီ၊ သူ့နာမည်ကို အိကို ဘာနဲ့အိသလဲ။ အက္ခရာ ဧ နဲ့ ဧ သလား၊ အ,လုံးကြီးတင်နဲ့ အိသလား"

"ဒုက္ခပါပဲကွာ"

"အက္ခရာ ဧ နဲ့ ဧ ရင် အဓိပ္ပာယ်ကတစ်မျိုး။ သူ၏ ငါ၏ ပိုင်ဆိုင်ခြင်း အနက်။ သွား၏၊ လာ၏ ကြိယာနောက်ဆက်။ ဝါကျအဆုံးသတ်စကား"

"မလွယ်ပါလားကွာ"

"အ,လုံးကြီးတင်က... နံပြားဖုတ်တဲ့ ဂျုံတွေ နယ်ထားလို့ အိနေတာ။ ပြီးတော့

mgyoe.com

 mgyoe.com SAMPLE BOOK 

ဟိုဟာကွာ... ဟိုလေ..."

"တော်ပါတော့ မဟာပညာကျော် ကိုမြတ်သစ်ရယ်"

"အခု မင်းဟာလေ အတော်ခက်တဲ့ကောင်။ အခု မင့်ကော်ဘင်မလေး စာတမ်းတစ်စောင် ရေးနေတယ်။ ဘွဲ့အတွက် လိုအပ်ချက်စာတမ်း။ ခေတ်ပေါ် ဝတ္ထုများတွင် တွေ့ရသော အခန်း အကူးအပြောင်းဆိုင်ရာ နည်းပညာသုံးရပ်ဆိုတဲ့ စာတမ်း ရေးနေတယ်"

"အဲဒါ ဘာဖြစ်လဲကွ"

"ဘာဖြစ်ရမလဲ... မနေ့က လှည်းတန်းထိပ်က အဝိဇ္ဇာစာပေ"

"အလိမ္မာစာပေပါကွာ"

"အဲ... အလိမ္မာစာပေက ဦးလေးကြီးဆီမှာ စာအုပ်တွေ ရှာပေးပါလို့ ပြောနေသံကြားတယ်။ ဦးလေးကြီးနဲ့ ခင်မင်ရင်းနှီးပုံရတယ်။ အဲဒါ ဦးလေးကြီးကို ဘာညာကွိကွ လုပ်ပြီး သူရှာခိုင်းထားတဲ့ စာအုပ်တွေ တွေ့အောင်ရှာ။ ပြီးတော့ မင့်ကိုယ်တိုင် သွားပို့။ ဦးလေးကြီးက ပို့ခိုင်းတာပါဆိုပြီး..."

"ဟာ... မြတ်သစ်၊ မင့်ခေါင်းထဲက ချိန်းဘရီးတွေကလည်း တစ်ခါတစ်ခါ အဖိုးတန်တဲ့ အကြံဉာဏ်တွေ ထွက်လာတတ်ပါလားကွ၊ ဟင်"

"အဲဒါ ခက်တာပေါ့။ ဒီမယ် စိုးအောင်ဆိုတဲ့ကောင် ဒီနေ့ ရပ်တည်နိုင်နေတာ မြတ်သစ်ရဲ့ ကူညီမှု၊ စောင့်ရှောက်မှု၊ အကြံပေးမှု၊ ပံ့ပိုးမှုတွေကြောင့်ဆိုတာ"

"တော်ပါတော့ကွာ... ဟုတ်ပါတယ်... ဟုတ်ပါတယ်"

"အဲဒါ အခု မင်း အလိမ္မာစာပေက ဦးလေးကြီးဆီသွား။ ဘာညာကွိကွ လျှောက်ရော။ တစ်ခုတော့ရှိတယ်၊ မင်း စရောရင်... ခြင်းလုံးအကြောင်းက စရော။ ဦးလေးကြီးက ခြင်းသမားကြီးကွ၊ ခြင်းလုံးအကြောင်း ပြောလို့ကတော့ တုံးခနဲ လဲသွားတောင် ပြောမယ့်လူကြီး"

"အေး... အေး ဟုတ်ပြီ"

"အခုသွား၊ ဦးလေးကြီးက တက္ကသိုလ်ဝင်းထဲက ခြင်းရုံကို သွားခတ်လေ့ရှိတယ်။ မီအောင်သွား။ ပြီးတော့ မင့်ကို ငါ အခုလို အကြံဉာဏ်ပေးရတဲ့ အဖိုးအခ အနေနဲ့"

"မြက်ခြောက်တစ်ထုံး ရှာခဲ့မယ်"

"ထွတ်ထရီး... ငါ့ကို ကြက်သားအစိမ်းနဲ့ ဖောက်ထားတဲ့ ဒံပေါက်တစ်ထုပ်၊

mgyoe.com

 mgyoe.com SAMPLE BOOK 

တင်အေးဆိုင်က ဝယ်ခဲ့"

"ကောင်းပါပြီ... ဆရာကိုမြတ်သစ်"

"အေး၊ သွားတော့ တပည့်ကြီး"

*

နောက်တစ်ရက်ကြာသောအခါ...။

စိုးအောင်သည် စာအုပ်ကြီးတစ်စည်းဆွဲ၍ တောင်ငူဆောင်အောက်မှာ ယောင်ပေပေ လုပ်နေသည်။

စောဦး၏ တစ်မိုးသောက်သော်...

မင်းဆွေ၏ ဓား...။

နန္ဒ၏ သံနှင့် သွေး...။

ဘုန်းနိုင်၏ သူ့ကျွန်မခံပြီ...။

ရန်ကုန်ဘဆွေ၏ မြန်မာပြည်သား...။

နတ်နွယ်၏ ရာမညာ...။

စာအုပ်တွေကို အလိမ္မာစာပေက ဦးလေးကြီးက အသေအချာ စည်းပေးလိုက်သည်။ သွားခါနီး မှာလိုက်သေးသည်။ "ဟေ့ကောင်... စိုးအောင်၊ မင်း ရှုပ်ရှုပ်ယှက်ယှက်တွေ မလုပ်နဲ့နော်၊ စာအုပ်ကြားထဲလည်း ရည်းစားစာ ညှပ်မပေးနဲ့...၊ တော်ကြာ ငါပေးတယ် ထင်နေဦးမယ်။ ပြီးတော့လည်း ကောင်မလေးက စာအုပ်ဖိုးကို ပိုက်ဆံပေးရင် ငါ့ဆီပြန်လာပေးနော်၊ ကြားထဲက ဖြတ်သုံးမထားနဲ့နော်..."၊ ဘာညာနှင့် မှာ၏။ စိုးအောင်က "စိတ်ချပါဗျာ" ဟု ပြောခဲ့ရသေးသည်။

မြန်မာစာ ဂုဏ်ထူးတန်း အချိန်ဇယားကို သူသိထားပြီး ဖြစ်၏။ အတန်းမယူဘဲ ခဏခဏလွတ်သော ဆရာ၊ ဆရာမတွေအချိန်ပါ သူသိထားသည်။ စိုးအောင် ဒါလောက်တော့ သိရမှာပလေ။ သည်နေ့သင်သော ဆရာမမှာ မကြာခဏ စာကြည့်ကြဆိုပြီး အတန်းမယူဘဲ နေလေ့ရှိ၏။ ဒါလည်း စိုးအောင် သိထားသည်။ အခုအချိန် အတန်းမရှိ။

သို့သော်...။ အလွန်လျင်သော စိုးအောင် ခံလိုက်ရသောအကွက်မှာ တစ်လလုံး အတန်းမယူသော ဆရာမက သည်နေ့မှ ဘာစိတ်ကူးပေါက်သည် မသိ။ နှစ်ချိန်ဆက်ပြီး စာတွေ တွန်းသင်နေသည်။ အိဝေတို့ ဆင်းမလာကြသေး။

mgyoe.com

myoe.com SAMPLE BOOK

အလုပ်မျိုးစုံလုပ်ရသော သူ့သဘာဝမှာ စာအုပ်အရောင်းကိုယ်စားလှယ် လုပ်ရသည်မှာ သည်တစ်ခါ ပထမဆုံးအကြိမ်ဖြစ်သည်။

ဝင်ထွက် တက်ဆင်း သွားနေကြသော ကျောင်းသား ကျောင်းသူတွေကို ကြည့်နေမိ၏။

လှေကားပေါ်မှ ဆူညံဆူညံနှင့် ဆင်းလာကြသည်။ လှေကားအောက်မှ ဒရဝမ်အဘိုးကြီးထိုင်သော ခုံတန်းလျားပေါ် ထိုင်နေရာက ထသည်။

သူတို့အုပ်စုမှာ အသံအကျယ်ဆုံးက ထွေးနုန။ တကယ့်နုနုထွေးထွေး ချစ်စရာလေးပေမင့် အသံကတော့ ရေရေလည်လည် ကျယ်သည်။ ပြောရမှန်းမသိ၊ မပြောရမှန်းမသိ စွတ်ပြောတတ်သူဖြစ်သည်။ ထွေးနု၏အသံကို အရင်ဆုံးကြားရ၏။

"ငါဖြင့် အိပ်ငိုက်လိုက်တာ၊ ပထမတော့ ဗိုက်ဆာလာတယ်။ နောက်တော့ ငိုက်လာတယ်"

"နင် စာတွေ အများကြီးတတ်တော့မှာပဲနော် ထွေးနု"

"ဆရာမက ညောင်ညိညောင်ညိနဲ့ ရှေ့က ပြောသွားတာ ငါ့ကို ချော့သိပ်တယ် ထင်နေတာဟဲ့"

"အေး၊ နင်တော့ ဂုဏ်ထူးတန်း ရွှေတံဆိပ်ဆုတော့ ရတော့မှာပဲ"

ကျောင်းသားတစ်ယောက်၏ အသံ...။

"ဟဲ့ကောင် သိန်းအောင်မြင့်၊ အင်္ဂလိပ်စာ ကောင်မလေး နင်သွားကြည့်နေတာ ရမယ်များ ထင်နေသလား။ တယ်လီဗီးရှင်းတောင် ပီအောင် အသံမထွက်တတ်တဲ့ကောင်က..."

ထွေးနုက ပြန်နှက်သည်။ တီဗွီ ပီအောင် မခေါ်ဆိုနိုင်သော ကျောင်းသား ကုပ်သွားသည်။

တစ်ဆစ်ချိုး အကွေ့အဆင်းမှာ ငွေလမင်း...။

ဆင်စွယ်ရောင် ဖောင်းကြွသား။ ထက်အောက်ဆင်တူ ဝတ်စုံနှင့်။ မြင့်မားရှည်သွယ်သော အရပ်အမောင်း...။ သွယ်နွဲ့သော ကိုယ်ဟန်။ ဝင်းဝါသော အသားအရေ။ ကျက်သရေတစ်သန်းရှိသော မျက်နှာ။ **တောင်ငူဆောင်၏ ငွေလမင်း။** အိဝေသည် နောက်ဆုံး လှေကားမှဆင်း၍ မြေညီပေါ် ခြေတစ်ဖက် ချလိုက်သည်နှင့်...

"မအိဝေ စာအုပ်တွေ လာပို့တာပါ"

လှပသော မျက်မှောင်ကလေး ကုတ်သွားသည်။

mgyoe.com

ထားဝယ်လုံချည် ပတ်လည်စင်း။ ဖြူဖွေးသပ်ရပ်သော အင်္ကျီကော်လာပြတ်။ မီးခိုးနုတိုက်ပုံနှင့် စာအုပ်စည်းကြီးကို ဆွဲ၍ သူ့ရှေ့မှာရပ်နေသော စိုးအောင်ကို ကြည့်၏။

ပါးစပ်က ပိတ်ကောမည် စိတ်ကူးပေမဲ့ စိုးအောင်၏ တည်တည်ကြည်ကြည် မျက်နှာပေး၊ ရိုးရိုးကုပ်ကုပ် အမူအရာကြောင့် နှုတ်ဆိတ်သွားသည်။ စိုးအောင်က လည်း အကယ်ဒမီ မျက်နှာသေ။

"အလိမ္မာက ဦးလေးကြီးက မအိဝေ မှာထားတဲ့စာအုပ်တွေကို ကျွန်တော့်ကို အရှာခိုင်းလို့ပါ။ ကျွန်တော် စာအုပ်လုပ်ငန်း လုပ်ပါတယ်။ ကြုံရင် သွားပို့လိုက်ပါ၊ စာတမ်းအတွက် အရေးကြီးနေတယ် ဆိုလို့ပါ"

"သြော်..."

ကားပြိုင်မောင်းနေခြင်းမဟုတ်။ ယဉ်ကျေး ရည်မွန်သော အမူအရာ၊ ရိုကျိုးသော အမူအရာ၊ စိုးအောင်၏ အထာညက်မှုတို့ကြောင့် အိဝေ ဘာပြောရမှန်းမသိ။

"ဟယ်... စာအုပ်တွေ၊ သမိန်ပေါသွပ်ပါလား ဟင်..."

အမည်ရင်းက မြတ်ဆုရည်၊ ဆုဆုဟု ခေါ်ရာမှ နေရာတကာ စပ်စုလွန်းသော ကြောင့် စုစုဟု ခေါ်တွင်သော၊ မျက်မှန်ရွှေရောင်ကိုင်းနှင့် ကောင်မလေးက ဝင်မေး၏။

"သမိန်ပေါသွပ်တော့ မပါဘူးခင်ဗျာ၊ လိုချင်ရင် ကျွန်တော် လာပို့နိုင်ပါတယ်။ ကျွန်တော် စာကြည့်တိုက်ကို အမြဲစာအုပ်တွေ လာလာပို့နေတာပါ"

"ဦးလေးကြီးကလည်း လာယူမှာပေါ့"

ငွေလမင်းက ပြောသည်။

"ဟုတ်တယ်၊ ဒါပေမဲ့ စာတမ်းအတွက် အရေးကြီးနေတယ်လို့ ပြောလို့ လာပို့ တာပါ"

"ဟဲ့ကောင်.အိဝေ၊ နင်စာတမ်းရေးတာကလည်း ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း တစ်ကျွန်းလုံး သိနေတာပါလား ဟဲ့"

ထွေးနုက ဝင်အုပ်သည်။ စိုးအောင် ရယ်ကျဲကျဲ လုပ်နေသည်။

"ကျေးဇူးပါပဲလေ... ကျွန်မ ယူလိုက်မယ်၊ ဘယ်လောက်ကျသလဲ မသိဘူး"

"ကိစ္စမရှိပါဘူး၊ ကျွန်တော့် ဘောက်ချာ ရေးပေးလိုက်မယ်။ အလိမ္မာစာပေကို သာ ကြုံတော့ ပေးလိုက်ပါ"

"ဖြစ်ရဲ့လား..."

mgyoe.com

 mgyoe.com SAMPLE BOOK 

"ဖြစ်ပါတယ်..."

"ဒါဖြင့် စာအုပ်တွေ ပေးခဲ့လေ..."

"မအိဝေ ပြန်မှာ မဟုတ်လား၊ ကျွန်တော် ကားထဲအထိ လိုက်ပို့ပေးပါ့မယ်"

"ရပါတယ်... နေပါစေ"

"သြော်... လိုက်ပို့ပေးမယ်ဆိုမှ နင်ကလည်း"

ထွေးနုပင် ဖြစ်ပါသည်။

စိုးအောင် စာအုပ်စည်းဆွဲ၍ ကားဖြူလေးရှိရာသို့ သွား၏။ အိဝေ နောက်က ဖွင့်ပေးသည်၊ စိုးအောင် စာအုပ်စည်းထည့်သည်။

တိုက်ပုံအိတ်ထဲမှ အသင့်လုပ်လာသော ဘောက်ချာကို ပေးလိုက်သည်။

"ကျွန်တော် သွားမယ်"

စကားအပြောမစောင့်ဘဲ စိုးအောင် ခပ်သွက်သွက် လာခဲ့သည်။ ခပ်လှမ်းလှမ်းမှာ ရပ်ထားသော သူ့ဖီးယက်ကားစုတ်လေးဆီသို့ သွား၏။

ဘောက်ချာစာရွက်ကို သူတို့အုပ်စု ဝိုင်းအုံကြည့်နေကြသည်။ ထွေးနု အသံထွက်ဖတ်သည်။

အက်(စ်)ခွန်သာ။

ခွန်သာစာပေ။

မြေနီကုန်း ဈေးအတွင်း...

ရှားပါးစာအုပ်များနှင့်...

နောက်ဆုံးပေါ် စာအုပ်သစ်များ...

ရောင်း၊ ဝယ်၊ ငှားသည်။

ဟူသော ခေါင်းစီးစာသားပါသော စာရေးပတ်စက္ကူပေါ်မှာ စာအုပ်ထုပ်နှင့် ကျသင့်ငွေကို ရေးထားသည်။

"အက်(စ်)ဆိုတာ ဘာလဲ ဟင်..."

စပ်စုမက မေးသည်။

"အက်(စ်) ဆိုတာ... ဟား... ဟား... ဟား... ဟား"

ထွေးနုက သူ့အတွေးနှင့်သူ ရယ်သည်။

အိဝေသည် ဘောက်ချာကိုမကြည့်။ ကားစုတ်ကလေး မောင်းထွက်သွားသည်ကိုသာ ကြည့်နေသည်။

*

mgyoe.com

 mgyoe.com SAMPLE BOOK 

"စာအုပ်အဟောင်း ရောင်းတဲ့လူက ကားစီးနိုင်တာ နည်းနည်းစဉ်းစားဖို့ ကောင်းတယ်..."

"အေးဟဲ့... လူကလည်း ချောချောခန့်ခန့်... အပြောအဆိုကလည်း ရည်မွန်တယ်"

"ဝတ္ထုတွေထဲကလို သူဌေးသားက စာအုပ်ရောင်းတဲ့ လူဟန်ဆောင်ပြီး လာကြည့်တာလည်း ဖြစ်နိုင်တယ်"

"ခွန်သာ ဆိုတော့ ရှမ်းနဲ့တူတယ်၊ ဒါပေမဲ့ အသားတော့ သိပ်မဖြူဘူး"

"ရှမ်းအမည်းမျိုးထဲက ဖြစ်မှာပေါ့ ဟဲ့..."

တစ်ယောက်တစ်ပေါက် ဝိုင်းမှတ်ချက်ချ၊ ထင်မြင်ချက်တွေ ပေးကာ စွတ်ပြောလာကြသည်။

အိဝေ စကားတစ်ခွန်းမှ မပြော။ ကားကိုသာ ဂရုတစိုက် မောင်းနေသည်။

ကမ္ဘာအေးလမ်းပေါ်မှာ အဒေါ်အပျိုကြီးနှစ်ယောက်နှင့် အိဝေ နေရသည်။ သူ့အတွက် ဝယ်ပေးထားသော ကားကလေးကို ကိုယ်တိုင်မောင်း၍ သည်လိုပဲ သူငယ်ချင်းတွေနှင့် သွားနေ၊ လာနေကျ။

ခေတ်မီရဲတင်း ပွင့်လင်းသော်လည်း အိဝေနှင့် သူ၏ အုပ်စုအားလုံးသည် စာပေဝါသနာပါသူများ ဖြစ်ကြသည်။ ထွေထွေလာလာ ရှုပ်ရှုပ်ပွေပွေ နေလေ့မရှိကြ။ သွားမယ်၊ လာမယ်၊ စားမယ်၊ စကားပြောမယ်၊ ရုပ်ရှင်ကြည့်မယ်၊ သာမန် ပျော်ပျော်ပါးပါး နေတတ်သော ကျောင်းသူအုပ်စု သဘာဝကို မကျော်လွန်ကြ။

အိဝေကလွဲ၍ အားလုံး အဆောင်မှာ နေကြသည်။

အားလပ်ရက်ဆိုလျှင် အိဝေ အိမ်သို့သွား၍ စုဝေးကြသည်။ ချက်ပြုတ်စားသောက်ကြသည်။ တစ်ယောက်တစ်လှည့် ဒကာခံ၍ အစားအသောက်ဝယ်၏။ တစ်ယောက်တစ်လှည့် ဒကာခံ၍ ရုပ်ရှင်ကြည့်ကြ၏။

တနင်္ဂနွေနေ့ အိဝေအိမ်မှာ ဆုံကြသည်။

ညနေစောင်းလာ၍ အဆောင်သို့ အိဝေ လိုက်ပို့သည်။

အိမ်ကအထွက် ထွေးနုက အကြံပြု၏။

မြေနီကုန်း ဈေးသို့သွား၍ တစ်နေ့က လာတွေ့သော အက်(စ်)ခွန်သာ ဆိုင်ရှာမည်၊ စာအုပ်ဝယ်ကြမည်။ ထွေးနုအကြံကို စုစုနှင့် သင်ဇာဖြူတို့က ချက်ချင်း ထောက်ခံမဲပေး၏။ နှင်းစန္ဒီကျော်က "အိဝေရဲ့ဆန္ဒကို မေးဦးလေ" ဟု ဝင်လျှာရှည်၏။ အမှန်

mgyoe.com

 yoe.com SAMPLE BOOK 

တော့ ထောင်ပေးလိုက်ခြင်းဖြစ်သည်။

အိဝေက အင်းမလှုပ်၊ အဲမလှုပ်။ ဘာမှပြန်မပြော၍ ဝိုင်းပြီး ပူညံပူညံ လုပ်လိုက်သည်။ ကမ္ဘာအေးအိမ်မှ မြို့ထဲသို့ ဦးတည်မောင်းလာသည်။ ရွှေဂုံတိုင် မီးပွိုင့်ရောက်မှ အနောက်သို့ ချိုး၏။ လေးယောက်အုပ်စု မြေနီကုန်းသို့ သွားနေမှန်း သိသွား၍ လက်ခုပ်ဝိုင်းတီးကြသည်။

ဘေးနားကပ်မောင်းသွားသော ကားထဲမှ အဘိုးကြီးက မျက်လုံးပြူး၍ ကြည့်သွားသည်။

ဝိဇယကို လွန်သောအခါ ထွေးနုက ပြောသည်။

"အိဝေ နင် တို့ကို ပွင့်ပွင့်လင်းလင်း ပြောဖို့ကောင်းပြီ။ ဘာမှ မေးလို့လည်း မရဘူး။ ဒီငနဲနဲ့ ဘယ်လိုလုပ်သိသလဲဆိုတာ တို့ လေးယောက်စလုံး သိချင်နေကြတယ်။ သိပ်သိချင်တယ်၊ မသိရရင် တို့လေးယောက်စလုံး သေသွားနိုင်တယ်"

"သေလိုက်ကြပါလား..."

"သေလို့ မဖြစ်သေးဘူးလေ။ နင်တို့ နှစ်ယောက်ရဲ့ ဇာတ်လမ်းက ဘယ်လိုဆုံးမယ်ဆိုတာ စောင့်သိချင်သေးတာ"

အိဝေ နှုတ်ဆိတ်သွားသည်။

ကားကို ပလတ်စတစ်ပုံးခွံတွေရောင်းသော ဆိုင်ရှေ့မှာ ရပ်လိုက်သည်။ မှန်တင်၍ သော့ပိတ်လိုက်သည်။

အစားငမ်းသော သင်ဇာဖြူက အချိုမုန့်စုံစားမည်ဟု ကြေညာ၏။ ဆီချက်ခေါက်ဆွဲစားဦးမည်ဟုလည်း ပြောသေး၏။ အုပ်စုက သည်လိုပဲ ဆူညံဆူညံ လုပ်လာပေမင့် အိဝေက... တည့်တည့်ငြိမ်ငြိမ်။

နှင်းစန္ဒီကျော်သည် နှာခေါင်းပေါ်ကျနေသော မျက်မှန်ဝိုင်းကြီးကို မ,တင်၍ မေးငေါ့ပြလိုက်သည်။

"ဖီလင်တက်နေတာများလားဟယ်"

စုစုက ရယ်၍ ပြောသည်။

သူတို့ လေးယောက်အုပ်စု မြေနီကုန်းဈေးထဲသို့ ဝင်ခဲ့သည်။

*

ဆိုင်ကလေးမှာ သပ်သပ်ရပ်ရပ်ပင်။

mgyoe.com

 mgyoe.com SAMPLE BOOK 

ငှားသော စာအုပ်များကို အားလုံး ပလတ်စတစ်ကတ်ပြား ဖုံးထားသည်။ အနှောင့်မှာ လက်နှိပ်စက်နှင့်ရိုက်၍ စာအုပ်အမည် ကပ်ထားသည်။ စာအုပ်အားလုံးကို စင်တွင် စီစီရီရီ ဒေါင်လိုက်တင်ထားသည်။

ရောင်းမည့် စာအုပ်အသစ်က သတ်သတ် ခင်းထားသည်။ ရှားပါးစာအုပ်နှင့်၊ အင်္ဂလိပ်စာအုပ်များ၊ အဟောင်းအသစ်များကို တစ်ကန့် ကန့်၍ထားသည်။

ဆိုင်ပေါ်မှာ မြတ်သစ်ရှိသည်။

ဆိုင်အောက်မှ ခွေးခြေပုလေးနှင့် စိုးအောင် ထိုင်နေသည်။

"ဘာစာအုပ် အလိုရှိ...၊ သြော် မအိဝေတို့ပါလား၊ လာပါ၊ လာပါ။ ကြွပါ။ ကြည့်ကြပါ"

ရုတ်တရက် စကားတစ်ဝက်မှာ အိဝေကိုမြင်၍ သာမန်ဈေးသည်ခေါ်သော လေသံထက်ပို၍ ရင်းနှီးဖော်ရွေသော လေသံဖြင့် ခေါ်လိုက်သည်။

မြတ်သစ်က အိဝေ ဟူသော နာမည်ကို ကြားလိုက်ရ၍ ဆတ်ခနဲ အိပ်ငိုက်ရာမှ ခေါင်းထောင်လာသည်။

စပ်စုမက ရှေ့ဆုံးကရောက်၍ သမိန်ပေါသွပ် စာအုပ်ကို လှမ်းကိုင်သည်။

"ဘယ်က လှည့်လာကြသလဲ"

စိုးအောင် မေးသည်ကို အိဝေ မဖြေခင် ထွေးနုက အရင် ဖြတ်ပြောလိုက်သည်။

"ဒီကိုပဲ တမင်လာတာပါ"

"သြော်... အလှူတစ်ခုက ပြန်လာတာထင်တယ်"

သင်္ဇာဖြူက ဆက်ပြော၏။

"စာအုပ်တစ်အုပ် လိုချင်လို့ ကိုခွန်သာ"

"ဟုတ်ကဲ့၊ ဘာစာအုပ်များပါလိမ့်..."

"ထင်လင်း ဘာသာပြန်တဲ့ စည်းအပြင်ကလူ ဆိုတဲ့ စာအုပ်များရှိလား..."

ထိုနာမည်ကို သူ ကြားဖူးခြင်းမရှိ။ သို့သော်၊ စိုးအောင် ဟန်မပျက်။

"အဲ... ရှိတော့ မရှိသေးဘူး။ လိုချင်ရင်တော့ ကျွန်တော် ရှာပေးထားပါ့မယ်"

"ဘာစာအုပ်လဲကွ"

မြတ်သစ် ဆိုင်ပေါ်က နားစွန်နားဖျား ကြား၍ မေး၏။ စိုးအောင် မကြားယောင် ဆောင်နေလိုက်သည်။

"ရှာလို့ရရင် အလိမ္မာစာပေကိုသာ ပေးထားပါ။ ကျွန်မ လာယူပါ့မယ်"

mgyoe.com

 mgyoe.com SAMPLE BOOK 

"ဟုတ်ကဲ့...၊ စိတ်ချပါ။ တစ်ရက်၊ နှစ်ရက်လောက်တော့ စောင့်ပါ"

"ရပါတယ်၊ လောလောဆယ် အမြန်ကြီးလိုချင်တာ မဟုတ်ပါဘူး"

"တခြား ဘာယူဦးမလဲ။ ကြည့်လေ...၊ မအိဝေလိုချင်တာ ဘာရှိသေးလဲ၊ မှာခဲ့ပေါ့..."

"ဟုတ်ကဲ့..."

စပ်စုမက သမိန်ပေါသွပ်ကို ဖတ်နေသည်။ သင်ဇာဖြူနှင့် စန္ဒီတို့က မဂ္ဂဇင်းတစ်အုပ်မှ ခုနစ်ရက်ဇေဒင်ကို ခေါင်းချင်းဆိုင် ဖတ်နေသည်။ သဲသဲမဲမဲ ကြည့်နေသည်။ ထွေးနုက ဆိုင်ပေါ်က အစီအရီ ထောင်ထားသော စာအုပ်များကို ငေးကြည့်နေသည်။

မဂ္ဂဇင်းစာအုပ်အသစ် သုံးလေးအုပ်ကို အိဝေ ရွေး၍ထပ်၏။

"ဒါတွေယူမယ် ကိုခွန်သာ"

"ဟုတ်ကဲ့..."

စိုးအောင်က အိဝေထံမှ မဂ္ဂဇင်းများယူပြီး မြတ်သစ်ထံမှ စက္ကူအိတ်ကြီးတစ်အိတ် တောင်းယူ၍ ထည့်သည်။ အိဝေက အစိတ်တန်တစ်ရွက် ထုတ်ပေးသည်။ စိုးအောင်က အကြွေအချို့နှင့် ဖက်၍ အမ်းသည်။

"မိစု၊ အဲဒါဝယ်ခဲ့"

အိဝေက ပြော၏။ သမိန်ပေါသွပ်ဖတ်နေသော စပ်စုမက...

"ပြီးပါပြီဟ..."

"နင် ဝယ်လည်း မဝယ်ဘဲနဲ့၊ အားနာစရာ"

"ရပါတယ်ဗျာ၊ ကိစ္စမရှိပါဘူး"

"မဟုတ်တာဘဲရှင်..."

အိဝေ နောက်ထပ် ပိုက်ဆံထုတ်ပေးသည်။

စပ်စုမက သွားဖြဲကလေးနှင့်...

"ပြီးပါပြီဟ၊ အေးလေ... နင်ဝယ်ချင်လည်း ဝယ်ခဲ့"

"အဲဒီ စာအုပ်အရင်က ထွက်ခဲ့တဲ့ စာအုပ်တွေကော ဖတ်ပြီးပြီလား၊ အဲဒီစာအုပ်ရဲ့ အဆက်က ထွက်သေးတယ်..."

"အဲ... အဲဒီစာအုပ်တွေ ရှိလား၊ ရှိရင်ပေးပါ၊ အိဝေ... အဲဒါတွေပါ ဝယ်ခဲ့ရအောင်"

မြတ်သစ်က ပြုံးစေ့စေ့နှင့် စပ်စုမက ဖတ်နေသော သမိန်ပေါသွပ် စာအုပ်

mgyoe.com

mgyoe.com SAMPLE BOOK
အဆက်ဖြစ်သော စာအုပ်များကို ထုတ်ပေးသည်။

"ဟယ်... အများကြီးပါလား..."

စိုးအောင်က ရယ်လျက်...

"ဟုတ်တယ်၊ သမိန်ပေါသွပ်စီးရီးက အားလုံး ဒီစာအုပ်ပါ ၄၉ အုပ် ရှိတယ်..."

"၄၉ အုပ်၊ ဟယ်... အဲလောက်အများကြီးတော့ ဘယ်ဝယ်နိုင်ပါ့မလဲ"

"ရပါတယ်ဗျာ၊ တစ်အုပ်ချင်း နှစ်အုပ်ချင်း ငှားဖတ်ပေါ့၊ စပေါ်မပေးရပါဘူး၊ ဖတ်ခပဲပေးပေါ့။ ဘယ်နှအုပ်ယူသွားမလဲ"

"၁၀ အုပ်လောက်ဆို တော်ပါပြီ"

ပြောပြီး လျှာတစ်လစ်ထုတ်သေး၏။

"မိစုရယ်... စာတမ်းရေးဖို့ လောလောဆယ် လုပ်ရဦးမှာ၊ ဘာမှလည်း မဖတ်ရသေးဘူး"

အိဝေက ဝင်၍ ဟန့်တားသည်။

"ဖြစ်ပါတယ်ဟာ..."

မြတ်သစ်က စာအုပ်တွင် ကပ်ထားသော နံပါတ်တွေ ကြည့်၍ ၁၀ အုပ်ရွေးပြီး ကြိုးနှင့် စည်းနေသည်။

ကျန်နှစ်ယောက်က ခုနစ်ရက်ဗေဒင်ကို အကြိတ်အနယ် ဖတ်၍ တိုးတိုးပြောလိုက်၊ ရယ်လိုက်၊ ပြုံးလိုက် လုပ်နေကြသည်။

မြတ်သစ်သည် အူကြောင်ကြောင်မျက်နှာနှင့် ဟိုလူကြည့်၊ သည်လူကြည့် လုပ်နေသည်။

"နောက်လိုတာရှိလည်း မှာပါဗျာ၊ လာလည်း ဝယ်ကြပါ"

စိုးအောင်က စာအုပ်စည်းကို လှမ်းယူ၍ ချထားရင်း ပြောသည်။

"ဟော့ကောင်... စာအုပ်စည်းကြီး လိုက်ပို့ပေးပါလားကွ"

မြတ်သစ်က တစ်ချိန်လုံး စကားတစ်ခွန်းမှ မပြောဘဲနေရာက စိုးအောင်ကို ပြောလိုက်၏။

"ရပါတယ်၊ နေပါစေ ကိုခွန်သာ။ အိဝေတို့ဘာသာ ယူပါ့မယ်..."

ပထမဆုံး သူ့ကိုယ်သူ အိဝေဟု သုံးနှုန်းလိုက်ခြင်းကို စိုးအောင် သတိပြုလိုက်မိသည်။

"မဟုတ်တာဗျာ..."

mgyoe.com

mgyoe.com SAMPLE BOOK


ပြောပြောဆိုဆို စိုးအောင်က စာအုပ်စည်းကြီးကို ကိုင်ဆွဲ၍ ရှေ့က သွား၏။

"ကား ဘယ်နားမှာ ရပ်ထားသလဲ"

သွားရင်း လှည့်မေးသည်။

"ရပါတယ်ရှင်... အားနာစရာ၊ အိဝေ ယူပါ့မယ်"

စာအုပ်စည်းကို လှမ်းကိုင်သည်။ စိုးအောင် လက်မလွှတ်။

အိဝေ လက်ပြန်ရုပ်၏။

မျက်လုံးချင်းဆုံသည်။ လက်ချောင်းများ အမှတ်မထင် ထိသွားကြသည်။

ကြီးကျယ်သော ကိစ္စများ ဖြစ်သွားစေရန် သေးငယ်သော ကိစ္စများက အစပြုကြရသည်မှာ သဘာဝတရားပင်ဖြစ်သည်။

*

"ကျွန်တော် သံပရာရည်ပဲ သောက်မယ်"

"အိဝေတော့ လက်ဖက်ရည်သောက်မယ်"

တစ်ဖက်ဆိုင်မှ သံပရာရည်မှာ၏။ သူ့အတွက် လက်ဖက်ရည် ချိုပေါ့ကျ တစ်ခွက် မှာသည်။

"ယောကျ်ားလေးတွေဟာ လက်ဖက်ရည်သောက်တဲ့လူ များတယ်၊ ကိုစွန်သာ က တစ်မျိုးပဲ..."

"ဟုတ်တယ်... ကျွန်တော် သံပရာရည်ပဲ များသောအားဖြင့် သောက်တယ်၊ ဘာရယ်လို့ မဟုတ်ပါဘူး"

ဟိုတစ်နေ့က မှာထားသော ကမူး၏ 'စည်းအပြင်ကလူ' ဘာသာပြန်စာအုပ် လာပို့သည်။ သည်တစ်ခေါက် ကိုကိုမောင်၏ 'အာကာကို လွှားပုံပြုပါလို့' အခန်းဆက် ဝတ္ထုရှည်ကြီးကို ပေါင်းချုပ်ထားသည့် စာအုပ်လာပို့သည်။

"မင်း မိန်းမပိုးတာ အပိုးခံရသူ ကောင်မလေး စာအုပ်ဖိုး ကုန်လှသကွာ" ဟု မြတ်သစ်က ပြောသည်။ ပြောသည့်အတိုင်းလည်း အမှန်ပင်။ ဂုဏ်ထူးတန်း ကျောင်းသူ တို့ စာသိပ်ဖတ်သည်။ ထားဦးတော့၊ ငွေကြေးမပြည့်စုံလျှင် ကိုယ်တိုင်ဝယ်နိုင်ဖို့ မရှိ။ အိဝေသည် စာအုပ်တကယ်ဝယ်၍ တကယ်ဖတ်သူဖြစ်သည်။

တစ်ခါတစ်ခါ စာအုပ်တွေအကြောင်း ပြောသောအခါမျိုးတွင် စိုးအောင် ဘာ ပြောရမှန်း မသိဖြစ်ခဲ့ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"မအိဝေ သူငယ်ချင်းတွေ မတွေ့ပါလား..."

"ရှိပါတယ်..."

သည်လောက်ပဲ ပြော၏။ အပေါ်ထပ်က သူတို့နှစ်ယောက် လက်ဖက်ရည်ဆိုင်တန်း ထွက်သွားသည်ကို ပြူတစ်ပြူတစ်လုပ် ကြည့်နေကြသော လေးယောက်အုပ်စုကို မြင်၏။ မသိချင်ယောင်ဆောင်၍ မေးလိုက်ခြင်းသာ ဖြစ်သည်။ အိဝေက သိပ်မပြောချင်။ အမှန်အားဖြင့် သူငယ်ချင်းလေးယောက်ကို တမင်ခေါက်ထားခြင်း ဖြစ်သည်။

"ကိုခွန်သာ နေတော့ ဘယ်မှာလဲ ဟင်..."

"ရန်ကုန်မှာပေါ့ မအိဝေ..."

"ဒါတော့ သိတာပေါ့ရှင်..."

"ကျွန်တော် ၁၉ လမ်းမှာ နေတယ်..."

"ဟင်... မြေနီကုန်း လာဆိုင်ထွက်ရတာ အဝေးကြီးပေါ့"

"ဒီလိုပေါ့ဗျာ..."

"တော်သေးတာပေါ့၊ ကိုခွန်သာမှာ ကားရှိလို့"

သိကျွမ်းခဲ့ရာမှ ရင်းနှီးလာခဲ့ကြသည်။ သည်နေ့အထိ ဘယ်သူမှ မော်တော်ကား တိုက်ခြင်း၊ အပြိုင်မောင်းခြင်းကို စ၍ မပြောကြ။ တစ်ယောက်အပြောကို တစ်ယောက် စောင့်နေသလိုပင်။ ယခု အိဝေက စိုးအောင်၏ ကားအကြောင်း စကားပထမ စပြော၏။

"ကျွန်တော့်ကားက ကားစုတ်ပါ။ အင်းလေ... ဒါပေမဲ့ မောင်းလို့တော့ ရသေးတာပေါ့"

"အမယ်လေး... အပိုတွေပါ"

"ဗျာ..."

"ကားစုတ်လို့ ပြောတာကို ပိုတယ်လို့ ပြောတာ သိပလား"

"တကယ့် ကားစုတ်ပါဗျာ၊ ဟိုမှာ မြင်တဲ့အတိုင်းပဲ။ မအိဝေ ကားနဲ့ ယှဉ်ရပ်ထားတဲ့ကား ဘယ်လောက် ပုံပန်းသွင်ပြင် ကွာသလဲ"

ပါးစပ်ကို ပိတ်၍ ပြုံးနေသည်။ ထိုအပြုံးသည် အကွက်တစ်ထောင်ပါသော စိန်ပြာတုံးပေါ် နေရောင်ခြည်ကျသလို၊ အရောင်တွေ ကွန့်မြူးလာသည်။ သိနေသော အကြောင်းအရာကို တမင်မပြောချင်သောကြောင့် တမင်မပြောဘဲ ပါးစပ်က ပိတ်နေလိုက်သည်ဟူသော အဓိပ္ပာယ်ကို ဆောင်သည်ဟု စိုးအောင် ထင်၏။

mgyoe.com

"ဘာပြုံးတာလဲ မအိဝေ"

"ဘာပြုံးတာလဲဆိုတာ ကိုခွန်သာ သိပါတယ်"

"ကျွန်တော် တစ်ခါတစ်ခါ သိပ်အ,တယ်။ အကင်းမပါးဘူး မအိဝေ"

"တစ်ခါတစ်ခါတော့ သိပ်လည်တယ် ဆိုပါတော့"

"ဆိုပါတော့ဗျာ၊ အ,တာ များပါတယ်"

"ထားပါတော့လေ... ကားစုတ်ပေမဲ့ စက်ကတော့ ပျံနေတာပဲဆိုတာတော့ သေချာပါတယ်နော်"

ဘာမှ အရေးကြီးသော ကိစ္စမဟုတ်။ သို့သော် သူတို့နှစ်ယောက်အဖို့ အဓိပ္ပာယ်များစွာ ရှိသည့်အကြောင်း ဖြစ်နေသည်။

သံပရာရည်တစ်ငုံသောက်၍ ဖန်ခွက်ကို ပြန်ချသည်။ စားပွဲပေါ်မှ ဖန်ခွက်ကို လှည့်၍ လှည့်၍ ကစားနေရင်း ပြုံးနေမိသည်။

"ကိုခွန်သာကော ဘာပြုံးတာလဲ"

"ကျွန်တော့်ကို ပထမဆုံး စတွေ့တဲ့နေ့က ကျွန်တော့်ကားကို နောက်က ဝင်တိုက်လိုက်ကတည်းက ဒီမိန်းကလေးရဲ့စိတ်ဟာ..."

တမင် ဆက်မပြောဘဲ ရပ်နေလိုက်သည်။

"စွာတယ်လို့ ပြောချင်တာလား ကိုခွန်သာ"

"အာ... စွာတာမဟုတ်ပါဘူး။ ဘယ်လိုပြောရမလဲ၊ စိတ်ဆတ်တယ်၊ ထက်တယ်လို့ သဘောပေါက်လိုက်တယ်"

"မိုက်မိုက်ကန်းကန်း ရမ်းကားလွန်းတယ်လို့ ထင်တာမဟုတ်လား"

"မဟုတ်ပါဘူး၊ ဒါပေမဲ့ သိပ်ချမ်းသာတယ်လို့တော့ သိလိုက်တယ်"

"ဘာလို့လဲ"

"ဒီလောက်ကောင်းတဲ့ကား၊ တန်ဖိုးကြီးတဲ့ကားကို ဒီလို တိုက်ပစ်လိုက်တာ ကားပျက်သွားမှာ ထည့်မစဉ်းစားလို့ပေါ့။ ပြီးတော့ စိတ်ဆတ်လို့ နောက်က ဝင်တိုက်တာပေါ့"

"ဟုတ်သားပဲ၊ ရှေ့ကတမင် ကန့်လန့် ကန့်လန့် လုပ်နေတာကိုး"

ခပ်စူးစူး ဒေါသလေး ပွဟန်နှင့်ပြော၏။ ထိုဒေါသဟန်သည် ချိုမြလှသည်။ အေးနွဲ့လှသည်ဟု ထင်၏။

"မဟုတ်ပါဘူးဗျာ။ ကားက မဆွဲဘူးဗျ၊ မအိဝေတို့ကားမျိုးလို..."

mgyoe.com

 mgyoe.com SAMPLE BOOK 

"တော်ပါ... ဦးဝိစာရလမ်းမှာ တစ်ခါတည်း အတင်းကျော်တက်ပြီး လက်ပြသွားတုန်းကများဆို သိပ်ကိုစိတ်ဆိုးတာပဲ"

စိုးအောင် ပြုံး၍ အိဝေကို ကြည့်သည်။

ရှက်ရွံ့ဟန်၊ အားနာဟန်ပါသော ရှက်ရွံ့အားနာပြုံးဖြစ်သည်။ သူ အမြဲတမ်းပြုံးလေ့ရှိသော မထီတရီအပြုံးနှင့် အေးစက်စက် အပြုံးမျိုး လုံးဝမဟုတ်သည်မှာ သေချာသည်။

သို့သော် ဤရှက်ရွံ့အားနာပြုံးသည် စိုးအောင်၏ စိတ်အတွင်း လှိုဏ်ခေါင်းမှ နက်နက်ရှိုင်းရှိုင်း ထွက်ပေါ်လာသော အပြုံးစစ်၊ အပြုံးမှန် ဟုတ်၊ မဟုတ်ကိုမူ မည်သူမျှ ပြောနိုင်လိမ့်မည်မဟုတ်။ သူသာလျှင် သိပေလိမ့်မည်။

"ကျွန်တော် တောင်းပန်ပါတယ် မအိဝေ"

အိဝေ မျက်လုံးများ လက်သွားသည်။

"အနိုင်ယူပြီးမှ တောင်းပန်တော့လည်း ကျေနပ်ရတာပေါ့။ ဒါပေမဲ့ ကျွန်မကားကို ကောင်းကောင်း ပြန်သလိုက်ဦးမယ်။ ပြီးမှ ရန်ကုန်-မန္တလေး ဟိုင်းဝေးမှာ ကိုခွန်သာနဲ့ ပြိုင်ဦးမယ်"

"အခုကတည်းက အရှုံးပေးထားလိုက်ပြီ မအိဝေ"

"အဲလိုတော့လည်း အနိုင်မယူချင်ဘူး ကိုခွန်သာ"

"တကယ်ရှုံးမှာမို့ ပြောတာပါ"

"ကျွန်မ တစ်ခု အံ့ဩနေတာရှိတယ်။ ကျွန်မ ကားကို မောင်းရုံသာ မောင်းတတ်တာမဟုတ်ဘူး။ အတော်အသင့် နားလည်တယ်။ ကိုင်ဖို့လည်း ဝါသနာပါတယ်။ အားရင် ကားကိုနှိုက်နေတာပဲ။ ကိုခွန်သာရဲ့ကား ဘယ်ဝပ်ရှော့မှာ စက်ကိုင်ထားသလဲ"

"ကျွန်တော့် ဘကြီးတစ်ယောက် ဝပ်ရှော့ရှိတယ်။ သူလုပ်ပေးတာ။ ဩော်... မအိဝေ ဟိုစာအုပ်တစ်အုပ် ဖတ်ဖူးလား"

သူ့အကြောင်းကို စကားမဆက်ချင်။ သူ့ဘကြီးတစ်ယောက် ဝပ်ရှော့ဟု ပြောလိုက်ပြီးမှ ဘယ်မှာနေလဲ၊ ကားအပ်ချင်တယ်၊ ဘာညာ လာရှုပ်မည်ကို တွေးမိ၍ စကားဖြတ်လိုက်သည်။

"ဘာစာအုပ်လဲ ကိုခွန်သာ"

"နံပါတ်ကိုး ငရဲဆိုတဲ့ဝတ္ထု၊ ထွန်းထွန်း ဆေးသိပ္ပံတဲ့။ ရေးတဲ့လူက ဆရာဝန်တစ်ယောက်ပဲလို့ သိရတယ်"

mgyoe.com

 mgyoe.com SAMPLE BOOK 

သူကိုယ်တိုင် ဖတ်ဖူးသည်မဟုတ်။ မြတ်သစ် ပြောပြဖူး၍ သိနေခြင်းဖြစ်သည်။ မြတ်သစ်သည် အလွန် စာဖတ်သော သူတစ်ယောက်ဖြစ်သည်။

"ကျွန်မ မဖတ်ဖူးဘူး"

"ကျွန်တော် ယူခဲ့မယ်လေ... ဆိုင်မှာရှိတယ်"

"နေပါစေ။ ကိုခွန်သာ လာလာပေးနေရတာ အားနာပါတယ်ရှင်"

"ကိစ္စမရှိပါဘူး။ ဟော့... ညီလေး ရေခဲရည်တစ်ခွက်လောက်"

အနားဖြတ်သွားသော လူငယ်တစ်ယောက်ကို မှာ၏။

"ဝမ်း... ဖာလူဒါ ဒေါ်ကြီး"

စိုးအောင် ပြုံး၏။

"မအိဝေတို့ တိုင်းပြည်မှာ ရေခဲရည်ကို ဖာလူဒါလို့ ခေါ်တယ်နော်၊ အံ့သြစရာကြီး"

"ဟုတ်တယ် ကိုခွန်သာ၊ တက္ကသိုလ်မှာ စားသောက်ဆိုင် အခေါ်အဝေါ်တွေက သုတေသနစာတမ်းတစ်စောင် ရေးလောက်တယ်။ ဝမ်းတီးတဲ့၊ ဝမ်းကော်တဲ့၊ မုန့်ဟင်းခါး ကျတော့ ဘူးသီးကြော်နဲ့ဆိုရင်... ဝမ်းဘူးတဲ့၊ ပဲကြော်နဲ့ဆိုရင်... ဝမ်းပဲတဲ့၊ ဘာကြော်မှ မထည့်ဘူးဆိုရင် ဘလိုင်ဝမ်းတဲ့"

"စိတ်ဝင်စားစရာပဲဗျာ"

"ထမင်းသုပ်တို့၊ အသုပ်စုံတို့ဆိုရင်လည်း... ပွဲကြီးဆိုရင် ဒံပေါက်ပွဲကြီးလို့ ခေါ်သေးတယ်"

"အေးဗျာ၊ ကျွန်တော့်အဖို့တော့ အသစ်အဆန်းတွေချည်းပါပဲ"

"ကိုခွန်သာ ဘယ်နှစ်က ပြီးတာလဲ"

"ကျွန်တော် တက္ကသိုလ် မရောက်ဖူးပါဘူး မအိဝေ။ အခြေခံပညာ အဆင့်မြင့် တန်း အောင်ပြီး အလုပ်လုပ်တာပဲ...။ အဲဒီတုန်းက ၁၁ တန်း မရှိသေးဘူး"

"သြော်..."

မေးလိုက်ရလို့ အားနာသွားပုံရသည်။ အိဝေ အသံမှာ တိုး၍ နူးညံ့သည်။ ကရုဏာအရောင်များ ရောယှက်နေသည်။

ရေခဲရည်တစ်ဝက်သောက်၍ ပြန်ချထားလိုက်သည်။ သားရေပိုက်ဆံအိတ်ကို ထုတ်၏။

"ကိုခွန်သာ... ကျွန်မ ပေးမယ်..."

mgyoe.com

"မလုပ်ပါနဲ့ဗျာ... မအိဝေတို့ စာအုပ်ဖိုးတွေရတာ နည်းမှ မနည်းတော့တာဘဲ... တစ်ခါတလေပဲဗျာ... လက်ဖက်ရည် တစ်ခွက်ဖိုးလောက်တော့ တတ်နိုင်ပါတယ်ဗျာ"

"ဒါ ကျွန်မနေရာရှင့်... ကိုခွန်သာက ဧည့်သည်၊ ကျွန်မဆီကိုလာရင် ကျွန်မ တာဝန်ပေါ့"

"မဟုတ်ပါဘူးဗျာ၊ ဒီတစ်ခါပေးပါရစေ"

"နောက်တစ်ခါမှ ကိုခွန်သာ စေတနာရှိရင် သတ်သတ်ကျွေးလေ..."

"ကျွန်တော် မအိဝေကို စေတနာရှိပါတယ် ဗျာ"

လှပသော မျက်လုံးများကို တည့်တည့်ကြည့်၍ ပြောလိုက်သည်။ စိုးအောင် ရင်ထဲမှာ မိုးစွေငှက်ကလေး တစ်ကောင် တောင်ပံခတ် တွန်ကျူးနေသည် ထင်ရ၏။

*

"သိပ်ကျေးဇူးတင်တာပဲ ကိုခွန်သာ၊ ပြီးတော့ အားလည်း မနာပါဘူး"

ရယ်မောသံသည် အစိမ်းရောင်တောက်ပသော မြွေတစ်ကောင် ဖြစ်သွား၍ စိုးအောင်၏ အသည်းနှလုံးကို ခွေရစ်တင်းတင်း ပတ်လိုက်သည် ထင်ရ၏။

"ကျွန်တော်ကတော့ အားနာတယ်"

"ဘာလို့လဲ ရှင်..."

"ဒီလို ဈေးထဲက ဆိုင်အစုတ်ကလေးမှာ ဆီချက်ခေါက်ဆွဲကလေး တစ်ပွဲလောက် ကျွေးလိုက်ရတာ အားနာစရာပေါ့ဗျာ။ မအိဝေတို့က..."

"အိဝေတို့က ရွှေပန်းကန်နဲ့ ရွှေထမင်းစားတာ မဟုတ်ပါဘူး၊ ကိုခွန်သာရယ်..."

"ဒီထက်ကောင်းတဲ့ ဆိုင်ကြီး ကနားကြီးတွေမှာ ကျွေးချင်တဲ့ စေတနာရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်က ဒီလိုဆိုင်ကြီးတွေ သိပ်မရောက်ဖူးဘူး။ အင်းလျားလိတ်ဟိုတယ်လို နေရာမျိုး တစ်ခါမှ မရောက်ဖူးဘူး"

"အိဝေလည်း မင်္ဂလာဆောင်လောက်ပဲ သွားဖူးတာပါ။ ဒါပေမဲ့ တစ်နေ့ကျရင်တော့ ကိုခွန်သာကို အင်းလျားလိတ်မှာ ကျွေးပါ့မယ်၊ အိဝေ စာမေးပွဲအောင်တဲ့နေ့ပေါ့"

"ကျွန်တော် ဆုတောင်းပြီး စောင့်နေမယ်..."

တစ်ညနေခင်း အိဝေ တစ်ယောက်တည်းလာသည်။ သူ့ သူငယ်ချင်းတွေမပါ။ စိုးအောင်က ဈေးထဲမှာပင် ဆီချက်ခေါက်ဆွဲကျွေး၏။ စားပြီး ဆိုင်သို့ ပြန်လာကြသည်။ ဆိုင်မှာ မြတ်သစ်မရှိ။

mgyoe.com

mgyoe.com SAMPLE BOOK

အရက် ၂၀ ကျော်ချိန်ဖြစ်၍ ဈေးတွင်းမှ အရောင်းအဝယ် အနည်းငယ်ပါး သော ရက်ဖြစ်သည်။

"မအိဝေ... သိပ်လှတာပဲ"

စိုးအောင်တို့ အသက်မွေးမှု လုပ်ငန်းမှာ သေနတ်အမျိုးမျိုးနှင့် ရင်းနှီးကျွမ်းဝင် ရ၏။ အပစ်အခတ် အခေါ်အဝေါ် ဝေါဟာရအရ အနီးကပ် ရှေ့တည့်တည့်က သေနတ်နှင့် ပစ်ခြင်းမျိုးကို ပွိုင့်ဘလင့်(က်) POINT BLANK ပစ်ခြင်းဟု ခေါ်၏။

ဘာမှစကားအဆက်အစပ်မရှိဘဲ တိုက်ရိုက် တဲ့တိုးကြီး ပြောချလိုက်ခြင်း ဖြစ်သည်။

ဘိလိယက်တို့၊ ရာရှင်ပူးတို့မှာသုံးသော ဝေါဟာရတော့ ပေါ်တင် POTTING ဟု ခေါ်သည်။ ရှေ့အနီလုံးကို နောက်က အဖြူဒိုးဖြင့် တည့်တည့်တိုက်၍ ကျင်းတွင်းသို့ သွင်းခြင်းဖြစ်၏။ ဘိလိယက်မှာ သုံးမှတ်ရာရှင်ပူးမှာဆိုလျှင် ၂၁ မှတ်ရသည်။ အနီကို ပြန်တည်၍ လိုအပ်သော ဘောလုံးအနေအထားတွင် အကွက်ဆင်ရသောကြောင့် ကောင်းသော်လည်း ဘိလိယက်သမားတိုင်း ပေါ်တင်ကို မပိုင်ကြ။

အနီးကပ် ရှေ့တည့်တည့်က ဖြုတ်သော်လည်း အိဝေသည် ကျည်ကာအင်္ကျီ ဝတ်ထားသည်ဟု ထင်ရ၏။ မျက်နှာလည်း ပျက်မသွား၊ ပါးပြင်လေးတွေလည်း နီမြန်းမသွား။ အပြုံးတစ်ခုကိုသာ ဖန်တီးလိုက်သည်။

"ဆိချက်ခေါက်ဆွဲလည်း ကျွေးသေး၊ လှတယ်လို့လည်း ပြောသေး... ဘယ်လို ကြီးမှန်း မသိပါဘူးနော် ကိုခွန်သာ..."

လှလှပပကလေး စကားပြော ပညာပြသွားသည်ဟု ပြောရမည်ဖြစ်သည်။ ဘာမှဟန်မပျက်။ ခေါင်းငုံ့ပြီး လက်သည်းကို ကြည့်နေတာမျိုး။ ပေါင်ပေါ်မှာ လက်ဖဝါးဖြန့်တင်ပြီး လက်ဖဝါးချင်း ပွတ်နေတာမျိုး၊ ဖျတ်ခနဲကြည့်ပြီး မျက်စိလွှဲ လိုက်တာမျိုး ဘာမှမလုပ်။ စတယ်ပါပဲ...။

မြတ်သစ်ပြောသလို ဒီအရွယ်ရောက်လို့မှ အမြီးမပေါက်ရင် ဘဲဥပဲ ဖြစ်ရမယ် လို့ ပြောဖို့ပဲ ရှိတော့သည်။

"ဆိချက်ကျွေးတာက စေတနာနဲ့ပါ၊ လှတယ်လို့ပြောတာ တကယ်လှလို့ပါ"

"နှစ်ခုစလုံးအတွက် ကျေးဇူးတင်ပါတယ် ကိုခွန်သာရယ်...၊ အိဝေ သွားမယ် နော်... ကိုခွန်သာ"

ထိုင်ရာမှ ထသည်။ လှသည်၊ အိဝေသည် ထိုင်ရာမှထလျှင်လည်း ထပုံ ကလေး

mgyoe.com

ကြွကြွရွရွ လှသည်ပဲ၊ ထရာမှ ထိုင်လျှင်လည်း လှသည်ပဲ...။ လမ်းလျှောက်နေပြန်တော့လည်း လှသည်သာပဲ။ အိဝေ၏ လှုပ်ရှားမှု အားလုံးသည် ဖြည်းဖြည်းအေးအေး သက်သက်သာသာ ရှိလှသည်။ စည်းအနှေး၊ ဝါးအနှေးဖြင့် ကနေသော ထူးဆန်းသည့် ကကြိုးကကွက်တစ်မျိုးကို ကြည့်နေရသကဲ့သို့ပင်။

"မအိဝေ... ဟိုစာအုပ် နာမည်ရေးပေးခဲ့ဦးလေ။ မှားသွားမှာ စိုးလို့ပါ"

"ဩော်... ဟုတ်သားပဲ၊ မေ့လို့"

ငွေရောင်ပတ်ကား ဘောလ်ပင်ကလေး ဖြုတ်လိုက်သည်။ စိုးအောင် ကမ်းပေးသော စက္ကူအိတ်ပေါ်မှာ ရေးသည်။ စိုးအောင် ယူ၍ အသံထွက်ဖတ်ကြည့်သည်။

"ပင်းဆရာတော် ရတနာ့ကြေးမုံ သတ်ပုံ၊ အမှာတော်ရေး ဦးသာအောင် ဆကာရန္တနယသတ်ပုံ။ ကျွန်တော် နက်ဖြန် ယူလာမယ်လေ"

"သိပ်အလျင်မလိုပါဘူး။ ခက်ခက်ခဲခဲဆိုလည်း ရှာမနေနဲ့တော့"

"ရပါတယ် မအိဝေရယ်၊ ရှုပ်ကြယ်ဆွတ်ရတာမှ မဟုတ်ဘဲနဲ့"

အစဉ်အလာ မြန်မာမှု စကားတစ်လုံးနှင့် စိုးအောင် ကြည်လိုက်သည်။ အိဝေက စကားဖြင့် မတုံ့ပြန်။ မျက်လုံးအကြည့်ဖြင့်သာ တုံ့ပြန်ပြောကြားသွားသည်။

သက်ပြင်းချလိုက်သည်။

သည်နေ့အဖို့တော့ စိုးအောင် ဘဝ မိုးကောင်းကင်မှာ ငွေလမင်း တစ်ကြိမ် ကွယ်ပျောက်ငုပ်လျှိုးသွားပြန်ပြီ။

*

"စိုးအောင်... မင့်"

လက်ကာပြ၏။ စိုးအောင် ပါးစပ်က... "ဟိုး ရပ်ထား" ဟု အော်လိုက်၏။ မြတ်သစ် စကားတစ်ဝက်တစ်ပျက်။ ပါးစပ်ကြီးဟ၍ ရပ်ထားလိုက်သည်။

"အိဝေ သူ့အကြောင်းပြောမလို့မဟုတ်လား။ အေး... နာမည်လွဲခေါ်ဦးမှာပဲ မဟုတ်လား။ အိရယ် ဝေရယ် ဆက်ပြော"

"အဲ... အဲဒီ အိဝေနဲ့ မင်းနဲ့က ဘယ်လိုလဲ။ ငါ့ကို ပြည့်ပြည့်စုံစုံ ပြောစမ်း စိုးအောင်"

"ဘယ်လိုမှ မလဲပါဘူး။ မင့်သူငယ်ချင်း စိုးအောင်ဆိုတဲ့ ကောင်က ဘယ်လိုမှ မလဲပါဘူးကွ။ မှတ်ထားစမ်းပါ မြတ်သစ်ရာ"

mgyoe.com

"ငါ အလေးအနက် မေးတာကွ၊ ခွေးမသားရ"

"ငါလည်း အလေးအနက် ပြောနေတာပါပဲ။ မင်း ဘာကို ဆိုလိုတာလဲ၊ ဘာသိချင်တာလဲ"

"အထွေထွေ အခြေအနေအရပ်ရပ်ပေါ့လကွာ"

"အထွေထွေ အခြေအနေဆိုတာ ဘာလဲ"

"တော်စမ်းပါကွာ၊ ဈေးကိုင်လိုက်တာ။ တစ်ခုခုဖြစ်တော့မှ မျောက်မျက်စဉ်းခတ်သလို ဖျပ်ဖျပ်လူးဖြစ်မနေနဲ့"

"အဟား... ဘယ်တုန်းက ဖြစ်ဖူးလို့လဲ"

"မသိပါဘူးကွာ၊ မပြောချင်နေ"

"မင်းကလည်း စိတ်ဆိုးတတ်သားပါလား။ ကဲပါကွာ ဒီလိုကွ"

"အင်း... ပြောစမ်းပါဦး၊ နေဦး... ငါ ဆေးလိပ်မီးညှိလိုက်ဦးမယ်"

ဆေးပြင်းလိပ် သေးသေးရှည်ရှည်ကလေးကို မီးညှိနေ၏။

"ဘာဆိုင်လဲကွ၊ ဆေးလိပ်မီးညှိတာနဲ့"

"မင်းအကြောင်းတွေ နားအရသာခံရင်း ဆေးလိပ်နဲ့ မှိန်းမလို့။ အင်း... ပြော"

"ပြောဆိုရင် ငါတို့နှစ်ယောက် တွေ့တယ်၊ စကားပြောတယ်။ သူလိုချင်တဲ့ စာအုပ် ငါရှာပေးတယ်။ သူမလာရင် ငါမျှော်ရတယ်။ ငါမလာရင် သူမျှော်ရတယ်။ တွေ့ကြတော့လည်း ချစ်တယ်၊ ကြိုက်တယ် ဆိုတဲ့ စကားကလွဲပြီး ကျန်တဲ့စကားတွေ၊ အကြောင်းအရာတွေ စုံနေအောင် ပြောကြတယ်၊ ဒါပဲ"

"ဒါပဲ..."

"အေး... ဒါပဲ"

"ဟင်... မင့်ဟာက ဘယ်လိုဟာကြီးလဲကွ"

"ဘယ်လိုမှ မလဲပါဘူးဆိုတာ အဲဒါပြောတာပေါ့ကွ"

"ချစ်တဲ့အကြောင်း မပြောရသေးဘူးလား"

"မပြောရသေးတာမဟုတ်ဘူး၊ ပြောဖို့ မလိုတော့တာပါ"

"သူ သိတယ်ပေါ့"

"သိချင်လည်း သိမှာပေါ့ကွာ"

"မင်း သူ့ကို ချစ်နေသလား၊ ချစ်သလား"

**"သူ့ကို တွေ့ချင် မြင်ချင်နေတာရယ်၊ သူနဲ့အတူ စကားတွေပြောပြီး နေချင်**

mgyoe.com

တာရယ်၊ အဲဒါကို ချစ်တယ်ပြောရင်တော့ ငါ ချစ်နေပြီ ထင်တာပဲ"

"ဟောဗျ... အဲဒါကလည်း ဘယ့်နှယ်ဟာပါလိမ့်"

"ဟုတ်တယ်၊ သူ့ကို တွေ့ချင်၊ မြင်ချင်တယ်။ သူနဲ့အတူရှိနေရတာ စိတ်ချမ်းသာတယ်။ သူနဲ့အတူ အမြဲတမ်း စကားတွေပြောနေချင်တယ်။ သူနဲ့ မတွေ့လိုက်ရတဲ့ ညနေခင်းမျိုးဆိုရင့် ငါ့အဖို့ သုညပဲ။ သုညဆည်းဆာပေါ့ကွာ။ စီးရိုးအီးဗီးနင်း..."

"သော်ကပ်ပေါ၊ မင်း ဒါလော်ကပ်ပေါမှန်း ငါမသိဘူး။ သမိန်ပေါစိုးရယ်"

"ငါ့ အတွေးအခေါ်၊ အယူအဆတွေကို မင်းမီအောင် မလိုက်နိုင်သေးဘူးကွာ"

"ဟုတ်ကဲ့... ဟုတ်ကဲ့... ပြောပါခင်ဗျာ"

"ကားချင်း ယှဉ်ပြိုင်မောင်းရာက ငါ့ကားကို နောက်က ဝင်တိုက်တယ်။ အဲဒါ ပထမဆုံးတွေ့တာပဲ။ တွေ့တွေ့ချင်း ငါ့စိတ်ထဲမှာ ကြည်နူးမှု၊ သာယာမှုတစ်ခု တွေ့လိုက်တယ်လို့ ပြောရမှာပဲ။ သူ့ကိုတွေ့ဖို့၊ သိကျွမ်းဖို့ ကြိုးစားနေတုန်း မင့်အကြံဉာဏ်နဲ့ စာအုပ်တွေ သွားပို့တယ်။ အသိဖြစ်၊ အခုလို ရင်းရင်းနှီးနှီးဖြစ်လာတယ်၊ ဒါပဲ"

"ချစ်တဲ့အကြောင်းတွေပြော။ ပြန်ချစ်ပါလို့ပြော။ ချစ်ကြ၊ ပြီးတော့ လက်ထပ်ကြ။ ဘဝကို လက်တွဲအတူနေထိုင်သွားကြ။ သားတွေ၊ သမီးတွေနဲ့ မျိုးဆက်ပြန့်ပွားကြ။ အဲဒါမျိုးမဟုတ်ဘူးလား။ အဲဒါမျိုး မင်း စိတ်မကူးဘူးလား"

"ဟင့်အင်း... အဲဒါမျိုးကိုက သမားရိုးကျ ဆန်လွန်းတယ်။ တွေ့မြင်ချစ်ကြိုက်တာစတယ်၊ လက်ထပ်ပြီးတော့မှ ဘဝမှာ အတူလက်တွဲ နေထိုင်သွားကြတာမှာ ဆုံးတယ်။ အစနဲ့အဆုံးရယ်လို့ ရှိတယ်။ အဲဒါ ငါသိပ်သဘောမကျဘူး။ ငါ့အချစ်ဟာ စခန်းတစ်ခုမှာ ဆုံးတဲ့အချစ်မျိုးမဟုတ်ဘူး။ အဆုံးစခန်းတစ်ခု၊ ပန်းတိုင်တစ်ခုရယ်လို့ ရှိတယ်ဆိုတာ ငါ သဘောမကျဘူး"

"အနန္တမေတ္တာပေါ့"

"အဲလောက် ခမ်းခမ်းနားနားကြီးလည်း မခေါ်ချင်ပါဘူးကွာ"

"မင်း အဲဒီပေါကြောင်ကြောင်အတွေးတွေ ဘယ်ကရလာတာလဲ စိုးအောင်"

"ဂရိတ်စိုးအောင်ရဲ့ ကိုယ်ပိုင်အတွေးအခေါ်တွေလကွာ... အော်ရီဂျင်နယ်ပေါ့"

"သြော်... စိုးအောင် စိုးအောင်၊ မင့်ရဲ့ အူကြောင်ကြောင် အချစ် ဒဿနကြီးအတွက် ငါ ရင်လေးလိုက်ပါဘိတော့ သူငယ်ချင်းရယ်"

"ရင်မလေးပါနဲ့ကွာ... ငါ့အချစ်က ဘယ်သူ့ကိုမှ မထိခိုက်တဲ့ အချစ်မျိုးပါ။

mgyoe.com

 mgyoe.com SAMPLE BOOK 

ပေးအပ်တာလည်းမဟုတ်ဘူး၊ ရယူတာလည်းမဟုတ်ဘူး။ သမိုင်းအစဉ်အဆက်မှာ **စိုးအောင်လိုအချစ်မျိုးလို့** နောင်လာနောက်သားများ ပြောစမှတ်ဖြစ် ကျန်ရစ်ခဲ့လိမ့်မယ်။ မြတ်သစ် မင်း စောင့်သာကြည့်ပေတော့..."

"ကြီးလည်းကြီးတယ်၊ ကျယ်လည်းကျယ်တယ်၊ ဟဲ့... ဂေါ်စီလာ့ပါးစပ်"

*

"မအိဝေ... ပါးစပ်က သိပ်လှတာပဲ"

"ကိုခွန်သာရယ်... တော်ရုံတန်ရုံ မိန်းကလေးဆိုရင်တော့ ကိုခွန်သာ ပြောပုံဆိုပုံနဲ့ မလွယ်ဘူး။ အိဝေက ကိုယ့်ကိုယ်ကိုယ် အမွှမ်းတင်တာတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ အိဝေမို့လို့နော်... တခြားမိန်းကလေးဆိုရင်..."

"တခြား မိန်းကလေးဆိုရင် ဘာဖြစ်လဲ"

"တခြား မိန်းကလေးဆိုရင် ကျွတ်ထွက်သွားမှာပဲ"

"ကျွန်တော်ကလည်း မအိဝေမို့လို့ ပြောတာပေါ့... တခြားမိန်းကလေးဆိုရင် ဘယ့်ပြောမလဲ... ပြီးတော့လည်းဗျာ၊ ပါးစပ်က လှတယ်လို့ ပြောတာ ကျွန်တော် မလွန်ပါဘူး"

"ထားပါတော့လေ... ကိုယ့်ကိုယ်ကိုယ်သာ အရင့်စားလို့ ထင်နေတာ၊ တကယ်တော့ ကိုခွန်သာ အဲလိုပြောလိုက်တာကို ဘာပြန်ပြောရမှန်းမသိဘူး"

"မပြောနဲ့ပေါ့ မအိဝေ... တစ်ခုခုပြန်ပြောစေချင်လို့ ပြောတာမှမဟုတ်ဘဲ။ ပြီးတော့ ပန်းနုရောင်ဖျော့ဖျော့ အမြဲဆိုးပါ၊ အဲဒီအရောင်နဲ့ လိုက်တယ်... ဆရာလုပ်တာ မဟုတ်ပါဘူးနော်"

"အင်းပါ... ကိုခွန်သာရဲ့"

"မက်(စ်)ဖက်တာ နှုတ်ခမ်းဆိုးဆေးသုံးတာ မဟုတ်လား"

"ဟုတ်တယ်... ကိုခွန်သာ ဘယ်လိုလုပ်သိသလဲ"

"ဒါ ကျွန်တော့် လျှို့ဝှက်ချက်ပဲ–မက်(က်စ်) ဖက်တာမှာလည်း မက္ကဇီမွိုင်(စတ)* ဆိုတာ ပိုကောင်းတယ်။ သူက တခြားဆိုးဆေးတွေလို အရောင်တင်ဆီ** တွေနဲ့ ပြောင်မနေဘူး...။ စိုစိုကလေးပဲ့ အမြဲဖြစ်နေတယ်"

* MAXI MOIST
** GLOSS

mgyoe.com